

# မြေမြုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ
# မြန်မာနိုင်ငံ
# ၂၀၁၃ခုနှစ်

၂၀၁၃ခုနှစ် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအစီရင်ခံစာပါဝင်သည်။

**အစီရင်ခံစာအကြောင်း**

**မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့** (LCM) သည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာစည်းရုံး လှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (LCBL) အား ကမ္ဘာအဝှမ်း လူသတ်မိုင်းများ ရှင်းလင်းပပျောက်ရေး အတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည် နိုင်ငံပေါင်း (၇၀) နိုင်ငံတွင်ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခု ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ရခဲ့သည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲ ထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက်များကြောင့် အတိဒုက္ခရောက်မှုများကို ထာဝရ အဆုံးသတ်စေရန် စသည်တို့အတွက် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီး ဖြစ်သည်။

**မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့**သည် ၁၉၉၇ ခုနှစ် မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ် အား အကောင်အထည်ဖေါ်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် **ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့**သည်က ၂၀၀၈ ခုနှစ် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖေါ်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာသည့် အကြပ် အတည်းများအပေါ် နိုင်ငံတကာ အသိုင်းအဝန်းက တုန့်ပြန်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ (၁) ရက်နေ့အထိ နိုင်ငံပေါင်း ၁၆၁ နိုင်ငံ၊ ကမ္ဘာ့အစိုးရပေါင်း ၈၀ ရာနှုန်းကျော်က မြေမြုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများ ပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၃ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ် ပိတ်ပင်ခြင်း သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။ ၂၀၁၃ ခုနှစ် တွင် မြန်မာနိုင်ငံသည် လူသတ်မိုင်းဆက်လက်သုံးစွဲနေကြောင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်များကို ပထမဆုံးအကြိမ်အသုံးပြုခဲ့သည်ဟု အစီရင်ခံမှု ရှိခဲ့သည်။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာသည် မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာ (၂၀၁၃ ခုနှစ်) နှင့် ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အစီရင်ခံစာ (၂၀၁၃ ခုနှစ်) ပါ နိုင်ငံ အလိုက် အစီရင်ခံစာအား စုပေါင်းထားခြင်း ဖြစ်သည်။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါအချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသော အဖွဲ့ မဟုတ်သကဲ့သို့ တရားဝင် စုံစမ်းစစ်ဆေးရေးအဖွဲ့လည်း မဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများမှ လူသတ်မိုင်း ဆန့်ကျင် တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာ ဆောင်ရွက်ခြင်း ရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အား လက်မှတ်ရေးထိုးထားသော တိုင်းပြည်များကိုလည်း အစီရင်ခံ တင်ပြခြင်းဆိုင်ရာ စည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။ ယခုအစီရင်ခံစာသည် မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမိုသိလာစေရန်၊ လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်) လုပ်ဟန်များကို ပိုမိုသိရှိလာစေရန်အတွက် ရည်ရွယ်သည်။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြုပ်မိုင်း ကင်းစင်သော ကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်း ပိုမိုသိရှိ နားလည် လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့် အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များအတွက်သာ ဦးတည် လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့် သုံးသပ်ချက် များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက် များသာ ဖြစ်သည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးသုတေသီ သည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ်အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းအားလုံးနှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူး အသိအမှတ်ပြုပါသည်။ burma@icblcmc.org မှ ကျွန်ုပ်တို့ထံ ဆက် သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်းအချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များ ရှိပါကလည်း monitor@icblcmc.org သို့ စာရေးသား ဆက်သွယ်နိုင်ပါသည်။

---

မျက်နှာဖုံးဓါတ်ပုံကို တောင်ငူမြို့ မွီးဒေါ်ရွာရှိ မြေမြုပ်မိုင်းသင့်သူများနှင့် အစည်းအဝေးမှ ရိုက်ယူထားသည်။ စစ်ကြောင့် မသန်စွမ်းဖြစ်သွားသော တပ်မတော်သား ဟောင်းများအတွက် သီးသန့်တည်ထားသော အထူးကျေးရွာ မွီးဒေါ်တွင် မြေမြုပ်မိုင်းကြောင့်ထိခိုက်ဒဏ်ရာရခဲ့သူ အနည်းဆုံး ၁၀၀ ခန့် နေထိုင်ကြသည်ဟု သိရှိရသည်။ ဓါတ်ပုံ -*Yeshua Moser-Puangsuwan*


**မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ**

**မြန်မာနိုင်ငံ**

**burma@icblcmc.org | www.the-monitor.org | www.burma.icbl.org**

## မြန်မာနိုင်ငံ

| | |
|---|---|
| **မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောစာချုပ်တွင် ပါဝင်မှုအဆင့် သတ်မှတ်ချက်** | စာချုပ်အဖွဲ့ဝင်နိုင်ငံမဟုတ် |
| **ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တား ဆီးခြင်းအား ထောက်ခံမဲပေးမှုတ်တမ်း** | ယခင်နှစ်များကဲ့သို့ပင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်သော ဆုံးဖြတ်ချက်အမှတ် ၆၆/၂၉ တွင် မဲမပေး ကြားနေမဲအဖြစ် ရပ်တည်ခဲ့သည်။ |
| **မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်မှု** | ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ၁၂ ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၁၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော လုပ်ငန်းကဏ္ဍဆိုင်ရာဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့သည်။ အစည်းအဝေးနှစ်ခုစလုံးကို ဂျနီဗာတွင် ကျင်းပခဲ့သည်။ |
| **အဓိကဖြစ်ထွန်းမှုများ** | အစိုးရလက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရမဟုတ်သော လက်နက်ကိုင် တပ်ဖွဲ့များတွင် အောက်ခြေအဆင့်မိုင်းအသုံးပြုမှုသည် ယခင်နှစ်က ထက် ပိုနည်းလာသည်ကို တွေ့ရသည်။ အစိုးရဖက်က မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်အပေါ် စိတ်ဝင်စား မှု ပိုများ လာခဲ့သည်။ အစိုးရသည် ICBL ကိုယ်စားလှယ်အဖွဲ့အား ပထမဦး ဆုံး အကြိမ်အဖြစ် လက်ခံတွေ့ဆုံသည်။ |

### မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးရေးမူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ[1]သည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို သဘောတူ လက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။ မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန် ၎င်း၏ အားထုတ်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံက ရှေ့နောက်မညီသော ထုတ်ဖော်ပြောဆိုချက် များကို မကြာသေးမီက ပြုလုပ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ သည်ဟုပြောကြားခဲ့သည်။ မြန်မာအစိုးရသည် မြေမြှုပ်မိုင်းအသုံးပြုခြင်း မရှိတော့ ကြောင်းနှင့် မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း လုပ်ငန်းများ ပါဝင်လာမည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ နှင့် ငြိမ်းချမ်းရေး သဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရန် ကြိုးစားနေကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောဆိုခဲ့သည်ဟု အစီရင်ခံခဲ့သည်။[2]

သို့သော် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး၏ ထိပ်သီး ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်က “မြန်မာနိုင်ငံသည် အော်တဝါသဘောတူစာချုပ်” အား

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်းအတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်းပိတ်နှင့် ဖော်ပြသုံးစွဲမှုမျိုးလည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ်အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။

[2] ၂၀၁၂ ခုနှစ် ဇူလိုင်လ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော ASEAN နိုင်ငံခြားရေဝန်ကြီးများအစည်းအဝေးကျင်းပစဉ် (၁၁)ကြိမ်မြောက် စာချုပ်အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိ Prak Sokhonnအား ဦးဝဏ္ဏမောင်လွင်က အထက်ပါအတိုင်းပြောခဲ့ခြင်းဖြစ်သည်။ “မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ” သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းများ အသုံးပြုမှုပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေးယူနစ်။ ၁၂ ဇူလိုင် ၂၀၁၂။ http://bit.ly/Pa7U5b

လက်မှတ်ရေးထိုးခြင်း မရှိသေးသော်လည်း မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုခြင်းကို အမြဲတစေ ဆန့်ကျင်ကန့်ကွက်ပါတယ်။ တဆက်တည်းမှာ ဆက်လက်ပြောဆိုလိုတာက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်၊ ပိုင်ဆိုင်မှုများ နှင့် မိမိကိုယ်မိမိ ခုခံကာကွယ်ခြင်းအတွက်သာ မြေမြုပ်မိုင်းများအသုံးပြုရန် လိုအပ်တဲ့အတွက်ကြောင့် မိမိကိုယ်မိမိ ကာကွယ်သည့် ရည်ရွယ်ချက်နှင့်သာ အသုံးပြုတာဖြစ်တယ်လို့ မိမိယုံကြည်ပါတယ်။" ဟု ပြောကြားခဲ့သည်။[3] မြန်မာနိုင်ငံသည် "နိုင်ငံတကာ စံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီခြင်းမရှိသော ၎င်း၏ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်နေသည်။ ထို့အပြင် လူသတ်မိုင်းမျာ သိုလှောင်ခြင်း (အသုံးပြုခြင်း)၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းများ ပိတ်ပင်တားမြစ်ခြင်းနှင့် ၎င်းတို့အား ဖျက်ဆီးပစ်ခြင်း သဘောတူစာချုပ်နှင့်ပတ်သက်ပြီး လက်ရှိ အနေအထားကို ပြန်လည်သုံးသပ်နေကြောင်း" ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်လာသော မြန်မာနိုင်ငံ ကိုယ်စားလှယ်က ပြောဆိုခဲ့သည်။[4]

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ဂျနီဗာမြို့တွင် ကျင်းပခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ၁၂ ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်၊ ၂၀၀၃ ခုနှစ် နှင့် ၂၀၁၁ ခုနှစ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၁၃ခုနှစ် မေလ လုပ်ငန်းကဏ္ဍဆိုင်ရာ ဆက်စပ်အစည်းအဝေးသို့ မြန်မာနိုင်ငံက ၎င်း၏ ကိုယ်စားလှယ်တဦး စေလွှတ်ခဲ့သဖြင့် သဘောတူစာချုပ်၏ လုပ်ငန်းကဏ္ဍဆိုင်ရာ ဆက်စပ်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၆၆/၂၉ ချမှတ်ရာတွင် မဲမပေးပဲ ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သော နိုင်ငံ (၁၉) နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက်သည် မြေမြုပ်မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်အား ကမ္ဘာလုံးဆိုင်ရာ သဘောတူ စာချုပ်တခုအဖြစ် အသိအမှတ်ပြုရေး တောင်းဆိုထားသည်။ ၁၉၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် အလားတူ ဆုံးဖြတ်ချက်များတွင် ကြားနေနိုင်ငံအဖြစ်သာ အစဉ်တစိုက် ရပ်တည်လာခဲ့သည်။

၂၀၁၃ ခုနှစ် မတ်လတွင် အစိုးရပိုင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာအာဘော်တွင် မိုင်းအသုံးပြုမှုပိတ်ပင်ရေးကို တောင်းဆိုခဲ့သည်။ " ယခုအချိန်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှုကို ရပ်တန့်ရန် နှင့် မိုင်းအန္တရာယ်သင့်ဒေသများအတွင်း မြေမြုပ်မိုင်းဖော်ခြင်းလုပ်ငန်း နှင့် မိုင်းဒဏ်သင့်ပြည်သူများ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ စတင်ရန်အတွက် အလုံးစုံအစီအမံတရပ် ချမှတ်လုပ်ဆောင်သင့်သည်။ ထို့ကြောင့် မိုင်းအသုံးပြုအား ရပ်တန့်ပစ်ရန် သဘောတူညီချက်တရပ် လိုအပ်နေပြီဖြစ်သည်။[5]

၂၀၁၃ ခုနှစ် မတ်လတွင် ကမ္ဘာ့ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်က မြေမြုပ်မိုင်းအသုံးပြုမှုရပ်တန့်ရန်၊ မြေမြုပ်မိုင်းများတည်နေရာနှင့်အသုံးပြုမှုအတွက် တိကျသောအချက်အလက်များ ရယူရန်၊ စနစ်တကျပြန်ဖော်ရန် နှင့် မိုင်းသင့်ပြည်သူများအား ပြန်လည်ပျိုးထောင်ရန် စသည့်အချက်များပါသော အလုံးစုံအစီအစဉ်တရပ် ရေးဆွဲရန် မြန်မာနိုင်ငံကို အကြံပြုခဲ့သည်။ ကချင်ပြည်နယ်တွင် မြေမြုပ်မိုင်းအသုံးပြုမှုနှင့်ပတ်သက်သော စွတ်စွဲပြောဆိုမှုများ သူလက်ခံရရှိနေဆဲဖြစ်သည်ဟု ပြောဆိုခဲ့သည်။[6] ဒုက္ခသည်ပေါင်း ၄၅၀၀၀၀ ကျော် နှင့် နိုင်ငံတွင်း အိုးအိမ်မဲ့ပြည်သူများသည် ယခုအချိန်အထိ ၎င်းတို့နေရပ်ရင်းသို့ ပြန်မရ ဖြစ်နေသေးသည်။ အဘယ်ကြောင့် ဆိုသော်

---

[3] သမ္မတမိန့်ခွန်းအား အစိုးရသတင်းစာတွင် ထပ်မံပုံနှိပ်ဖော်ပြခဲ့သည်။ "ASEAN လူမှုအသိုင်းအဝန်းအား တည်ထောင်ခြင်းသည် ASEAN အဖွဲ့ကြီး၏ အန္တိမပန်းတိုင်မဟုတ်။ သို့သော် တည်ငြိမ်သော၊ ငြိမ်းချမ်းသော၊ အလားအလာကောင်းများရှိသောဒေသကြီးတခု ဖြစ်ပေါ်လာရေးအတွက် သမိုင်းအချိုးအကွေ့တခုဖြစ်သည်။" မြန်မာ့အလင်းသတင်းစာ။ ၁၉၊ နိုဝင်ဘာ၊ ၂၀၁၂ ။www.burmalibrary.org/docs14/NLM2012-11-19.pdf.

[4] မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းသဘောတူညီချက်အဖွဲ့ဝင်နိုင်ငံများ၏ ၁၂ ကြိမ်မြောက်အစည်းအဝေး။ မြန်မာနိုင်ငံ၏ ထုတ်ပြန်ကြေငြာချက်၊ ဂျနီဗာ၊ ၆ ဒီဇင်ဘာ ၂၀၁၂။ www.apminebanconvention.org/meetings-of-the-states-parties/12msp/what-happened-at-the-12msp/day-4-thursday-6-december/.

[5] "အပြစ်မဲ့ပြည်သူများ" လုံခြုံမှု" အယ်ဒီတာ့အာဘော်။ မြန်မာ့အလင်းသတင်းစာ။ ၁၀ မတ်လ ၂၀၁၃။ စာမျက်နှာ ၈။

[6] OHCHR၊ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအထူးကိုယ်စားလှယ်တော်၏ အစီရင်ခံစာ။ Advanced unedited Version, Paragraph 37, 6 March 2013. ,A/HRC/22/58, www.ohchr.org/Documents/Countries/MM/A-HRC-22-58.pdf.

မြန်မာနိုင်ငံ မြောက်ဖက်နှင့် အရှေ့တောင်ဖက်ခြမ်းတွင် မြေမြုပ်မိုင်းများ ရှိနေဆဲကြောင့် ဖြစ်သည်ဟု UNHCR က ၂၀၁၃ ခုနှစ် ဧပြီလတွင် အစီရင်ခံခဲ့သည်။ "မြေမြုပ်မိုင်းထောင်ထားသည့်နေရာများအား သတ်မှတ်ပေးခြင်း၊ ထင်ထင်ရှားရှား အမှတ်အသားပြုပေးခြင်းနှင့် မိုင်းရှင်းလင်းခြင်းများ မပြုလုပ်သေးသ၍ ဒုက္ခသည်များ အိမ်ပြန်ရေးအတွက် ဆွေးနွေးပြောဆိုခြင်းမပြုပါ။" ဟု UNHCR ကပြောဆိုခဲ့သည်။[7]

၂၀၁၃ခုနှစ် မေလတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံတွင်း ကလေးသူငယ် နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ၎င်း၏ တတိယအကြိမ်မြောက်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာက လွန်ခဲ့သည့် ၃ နှစ်အတွင်း မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည့် ကလေးသူငယ်များ၊ မြေမြုပ်မိုင်းထောင်သည့် လုပ်ငန်းတွင် ပါဝင်ခဲ့သော ကလေးများနှင့် မိုင်းထောင်ခံရသော စာသင်ကျောင်းတကျောင်း စသည့် အဖြစ်အပျက်များကို မှတ်တမ်းတင်ခဲ့သည်။ ဖြစ်ရပ်တခုတွင် အသက် ၁၅ နှစ်အရွယ်လူငယ်တဦးအား ဖမ်းမိခဲ့ပြီး " အများပြည်သူပိုင်ပစ္စည်းအား မိုင်းထောင်၍ ဖျက်ဆီးခြင်း" အတွက် အပြစ်ရှိသည်ဟု တွေ့ရှိခဲ့သည်။ ၎င်းလူငယ်သည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)အတွက်မိုင်းထောင်ပေးခဲ့ခြင်းဖြစ်သည်ဟု စွတ်စွဲပြောဆိုချက်ရှိခဲ့သည်။တပ်မတော်ကလည်း KIA က စာသင်ကျောင်းအား စစ်ရေးအတွက် အသုံးပြုခြင်းအား ဟန့်တားရန်အတွက် မြစ်ကြီးနားမြို့နယ်၊ ကျေးရွာတရွာရှိ စာသင်ကျောင်းတကျောင်းတွင် မြေမြုပ်မိုင်းထောင်ခဲ့သည်ဟု အစီရင်ခံစာက ဖော်ပြခဲ့သည်။[8]

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်တွင် အမတ်နေရာတချို့ အနိုင်ရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအင်အားစု (NDF) က ယမန်နှစ်က လွှတ်တော်တွင် မြေမြုပ်မိုင်းကိစ္စအား ထည့်သွင်းဆွေးနွေးရန် လွှတ်တော်သို့ တင်ပြခဲ့သည်ဟု မြေမြုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့အား အကြောင်းကြားခဲ့သည်။ သို့သော် ၂၀၁၃ ခုနှစ် နှစ်လည်အထိ ၎င်းကိစ္စသည် လွှတ်တော်အတွင်းရေးမှူးအဖွဲ့လက်တွင်းသာ ရှိနေဆဲဖြစ်ပြီး၊ လွှတ်တော်ဆွေးနွေးပွဲ အကြောင်းအရာ ထဲတွင် မပါဝင်သေးဟု သိရသည်။ လွှတ်တော်ဆွေးနွေးမည့်အကြောင်းအရာစာရင်းမှာ ဘေးဖယ်ထားခံရကောင်း ဖြစ်နိုင်သည်ဟု NDF ကခန့်မှန်းပြောဆိုခဲ့သည်။[9]

၂၀၁၃ ခုနှစ် မေလတွင် လွှတ်တော်အမတ် နှင့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းတွင် စကားပြောကြားခဲ့သည်။ "မြေမြုပ်မိုင်းဟာဆိုရင် ကျမတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေအတွက် ကြီးကြီးမားမားပြဿနာတခုဖြစ်ပါတယ်။ မြေမြုပ်မိုင်းတွေ ဆက်ရှိနေဆဲ ဖြစ်တာကြောင့် မသန်းစွမ်းပြည်သူဦးရေဟာလည်း တစစပိုများလာနေဆဲဖြစ်ပါတယ်။ မသန်းစွမ်းခြင်း၊ ချိန့်ခြင်းဟူသော အခြေအနေကို ညွှန်းဆိုရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ပြည်သူများသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းမသန်စွမ်းမှု နှစ်မျိုးစလုံး ခံစားနေရပါတယ်။ တကယ်မသန်စွမ်းတယ်ဆိုတာ ဘာလဲဆိုတာ ကျွန်မတို့ ပြန်ပြီးစဉ်းစားစရာရှိပါတယ်။ မြေမြုပ်မိုင်းထိလို့ မသန်စွမ်းတဲ့သူတွေက မသန်စွမ်းတာလား။ ဒီမြေမြုပ်မိုင်းကို မြုပ်တဲ့သူတွေက မသန်စွမ်းတာလား။ မြေမြုပ်မိုင်းတွေမြုပ်ရမည့် အခြေအနေကို ပျောက်ကွယ်သွားအောင် မလုပ်နိုင်တဲ့ ကျွန်မတို့အားလုံးဟာ မသန်စွမ်း တာလားဆိုတာ မေးရတော့မဲ့ အခြေအနေဖြစ်နေပါပြီ။ ဒါကြောင့် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဘဝမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှစ်မျိုးစလုံးအတွက် ရုန်းကန်နေရတဲ့ ထိခိုက်ဒဏ်ရာရခဲ့သူတွေအားလုံး ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် ကျွန်မအလွန်ပဲ မျှော်လင့်ပါတယ်။[10] ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဒေါ်အောင်ဆန်းစုကြည်သည် မိုင်းဒဏ်သင့်အများဆုံး လူမှုအသိုင်းအဝန်း

---

[7] UNHCR၊ အကာအကွယ်ပေးရေးရုံး။ Maja Lazic ၏ ပြောဆိုချက်အား UPI တွင် ကိုးကားချက်။ "Myanmar polluted with land mines." UPI (Geneva) 3 April, 2013/, www.upi.com/Top_News/Special/2013/04/03/Myanmar-polluted-with-land-mines/UPI-60071364996910/

[8] ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံတွင်း ကလေးသူငယ် နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာ။

[9] ဒေါက်တာသန်းငြိမ်းနှင့်အင်တာဗျူး။ဥက္ကဌ၊NDF၊ တခြားဗဟိုကော်မတီဝင်များ။ ရန်ကုန်၊ ၁၃ ဖေဖော်ဝါရီ ၂၀၁၃။ NDF သည် လွှတ်တော်သစ်တွင် အမတ်နေရာတချို့အနိုင်ရခဲ့သည်။ ၂၀၁၀ အောက်တိုဘာတွင် ရွေးကောက်ခံခဲ့ရပြီး၊ မြေမြုပ်မိုင်းတားဆီးရေးသည် ၎င်းတို့ပါတီ၏မူဝါဒဖြစ်သည်ဟု ၂၀၁၁ခုနှစ် မတ်လတွင် မြေမြုပ်မိုင်းတားဆီးရေးအဖွဲ့သို့ ပြောဆိုခဲ့သည်။

[10] "ဘယ်သူကပိုပြီး မသန်စွမ်းဖြစ်လဲ။" မိုင်းထောင်သူလား၊ မိုင်းထိခိုက်သူလား။" ၂၆ ဇွန် ၂၀၁၃ burma.icbl.org/?p=514.

များအနက် တခုဖြစ်သော ကျောက်ကြီးမြို့နယ်၊ မုံးရွာသို့သွားရောက်၍ မိုင်းဒဏ်သင့်ပြည်သူများ၏ အခြေအနေကို လေ့လာခဲ့သည်။[11]

၂၀၁၃ ခုနှစ်မေလတွင် ICBL အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ်အဖြစ် လက်ခံတွေ့ဆုံခြင်း ခံခဲ့ရသည်။ ကိုယ်စားလှယ်အဖွဲ့သည် သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများ၊ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ အစိုးရထိန်းချုပ်ရာ ဒေသများအတွင်း မြေမြုပ်မိုင်းအသစ်ထပ်ထောင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် မိုင်းနှင့်သက်ဆိုင် သောလုပ်ငန်းများကို ချက်ချင်းရပ်တန့်ပေးရန် ကိုယ်စားလှယ်အဖွဲ့က မြန်မာအစိုးရကို တိုက်တွန်းခဲ့သည်။ မြန်မာအစိုးရသည် မိုင်းရှင်းလင်းရေး မဖြစ်မနေဆောင်ရွက်ရမည်ဟူသော လိုအပ်ချက်ကိုကောင်းကောင်း သိနေသည်ဟု ကိုယ်စားလှယ်အဖွဲ့က ရှင်းရှင်း လင်းလင်း မြင်တွေ့ခဲ့သည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နောက်ပြန်မလှည့်တော့သည့် အခြေအနေသို့ မရောက်မချင်း မိုင်းရှင်းလင်းရေးလုပ်ငန်း လုပ်ဆောင်ရန် မဖြစ်နိုင်သေးဟု ဝန်ကြီးဦးအောင်မင်းက ပြောဆိုခဲ့သည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှုရပ်တန့်ရေးလှုပ်ရှားမှုအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (၂၀၁၂) ဖြန့်ချိရန်အတွက် ရန်ကုန်မြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် သတင်းစာရှင်းလင်းပွဲပြုလုပ်ခွင့်ရခဲ့သည်။ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပ စာနယ်ဇင်း နှင့် အသံလွှင့် မီဒီယာ ဌာနမှ သတင်းထောက် ၆၀ ကျော်တက်ရောက်ခဲ့သည်။[12] ၂၀၁၂ခုနှစ်တွင် ဖျက်သိမ်းခဲ့သော စာပေစိစစ်ရေးဥပဒေအရ တိုင်းပြည်အတွင်းရှိ မိုင်းနှင့်သက်ဆိုင်သော သီးခြားလွတ်လပ်သောအစီရင်ခံထုတ်ပြန်ခြင်းမျိုးကို ကန့်သတ်ပိတ်ပင်သည်။ မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှုရပ်တန့်ရေးလှုပ်ရှားမှုအဖွဲ့က ၂၀၁၂ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ (မြန်မာ ဘာသာ) အုပ်ရေ ၂၅၀၀ ဖြန့်ချိခဲ့သည်။ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ရန်ကုန်အခြေစိုက် ကမ္ဘာ့ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ သတင်းစီမံခန့်ခွဲရေးယူနစ်နှင့် တွဲဖက်၍ မိုင်းဖြန့်ကျက်တည်ရှိမှု မြို့နယ်များ နောက်ဆုံး အခြေအနေပြ မြေပုံကို ထုတ်ဝေခဲ့သည်။[13] ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြေမြုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်တိုင်းရင်းသားဖလုံစကွဲဒီမိုကရက်တစ်ပါတီနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်အမတ်များအား မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးရေး လွှတ်တော်ကဏ္ဍ ပါဝင် ဆောင်ရွက်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များ တင်ပြခဲ့သည်။ ၎င်းအစည်းအဝေးကို ဒေါ်အောင်ဆန်းစုကြည်က စီစဉ်ခဲ့ခြင်းခြင်းဖြစ်သည်။

**အသုံးပြုမှု**

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ ၂၀၁၃ ခုနှစ်အထိ မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေး အဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရမဟုတ်သော တပ်ဖွဲ့များ၏ လူသတ်မိုင်း အသုံးပြု မှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (၂၀၁၂ခုနှစ်)တွင် အစိုးရတပ်ဖွဲ့များက လူသတ်မိုင်းအသစ်ထပ်ထောင်းခြင်းနှင့်ပတ်သက်၍ တိတိကျကျ အတည်ပြုချက် ယူမရခဲ့သည့်အပြင် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များ၏ မိုင်းအသစ်အသုံးပြုမှုနိမ့်ကျခဲ့ကြောင်း လေ့လာ တွေ့ရှိခဲ့ရသည်။[14] ယခုအစီရင်ခံစာကာလ (၂၀၁၂ခုနှစ် နှစ်လည်မှ ၂၀၁၃ခုနှစ် နှစ်လည်အထိ)အတွင်း လက်ခံရရှိသောသတင်းအချက်အလက်များအရ သူပုန်တပ်ဖွဲ့များ၏မိုင်းအသစ်အသုံးပြုမှု ဆက်လက်နည်းပါးလာနေ

---

[11] သက်ထူး။ "မြန်မာနိုင်ငံ၊ ကျောက်ကြီးမြို့နယ်အတွင်း မြေမြုပ်မိုင်းသင့်ပြည်သူများနှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံ။" Photo essay, Demotix, 20 January 2013,www.demotix.com/news/1740271/aung-san-suu-kyi-meets-land-mine-victims-kyaukkyi-myanmar - media-1740107.

[12] မြန်မာနိုင်ငံဆိုင်ရာ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (၂၀၁၂) အား မြန်မာနိုင်ငံတွင် ထုတ်ဝေဖြန့်ချီ။ ၁၅ နိုဝင်ဘာ ၂၀၁၂။ burma.icbl.org/?p=452.

[13] www.themimu.info/docs/MIMU792v02_120615_ICBL land mine incidents in 2011 in Myanmar_A4.pdf.

[14] ICBL-CMC, "Country Profile: Myanmar/Burma: Mine Ban Policy," www.the-monitor.org/index.php/cp/display/region_profiles/theme/2870, 17 December 2012.

ကြောင်းနှင့် အစိုးရတပ်ဖွဲ့များက မိုင်းအသစ်အသုံးပြုမှု အနည်းငယ်ပြန်ရှိလာသည်ကို တွေ့ခဲ့ရသည်။ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တွင် တပ်မတော်က မိုင်းအသစ်အသုံးပြုနေသည်ဟူသော ယုံကြည်ရလောက်သည့် စွတ်စွဲပြောဆိုချက်တချို့ရှိခဲ့သည်။ယခင်က အစိုးရအတိုက်အခံလက်နက်ကိုင်တပ်ဖွဲများနှင့် ဖွဲ့စည်းထားသော နယ်ခြားစောင့်တပ် (BGF) များကလည်း ၂၀၁၃ ခုနှစ် နှစ်လည်ပိုင်းအထိ မိုင်းအသုံးပြုမှု ဆက်လက်ရှိနေခဲ့သည်။ နစက၊ နယ်ခြားစောင့်တပ်များသည် မိုင်းအသုံးပြုမှု ဆက်လက်ရှိနေသည်ဟူသော ယုံကြည်စိတ်ချရသည့် အစီရင်ခံချက်တချို့ရှိခဲ့သည်။ ယခုအစီရင်ခံစာ ကာလအတွင်း အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များ၏ မိုင်းအသုံးပြုမှုနှင့်ပတ်သက်ပြီး အစီရင်ခံမှုများ သိသိသာသာလျော့နည်းသွားသည်။ ကချင်ပြည်နယ် နှင့် ကရင်ပြည်နယ်များတွင် မိုင်းအသစ်အသုံးပြုသည်ဟူသော ဖြစ်စဉ်တချို့ပေါ်ထွက်လာသည်တော့ ရှိခဲ့သည်။ အရပ်သားပြည်သူများက လက်လုပ်မိုင်းလုပ်ခြင်း၊ အသုံးပြုခြင်းဟူသော အစီရင်ခံမှုနောက်ထပ်ထွက်လာခြင်းမရှိတော့ပါ။ (ယခင်အစီရင်ခံစာကိုရှု)။ [15]

**အစိုးရတပ်ဖွဲ့များ**

၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်အတွင်း တပ်မတော်သည် ကချင် ပြည်နယ်တွင် လူသတ်မိုင်းများ အသုံးပြုနေသည်ဟူသော ယုံကြည်စိတ်ချရသည့် စွပ်စွဲချက်များ (အမည်မဖော်လိုသော သတင်းအရင်းအမြစ်များစွာမှ) ထွက်ပေါ်ခဲ့သည်။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် တိုက်ပွဲများဖြစ်ရာဒေသအတွင်း တပ်မတော်က မိုင်းထောင်သည်ဟု ၎င်းစွတ်စွဲချက်များက ဆိုသည်။[16] KIA ထိန်းချုပ်ဒေသအတွင်း ဝင်ရောက်လုပ်ကိုင်နေသော မြန်မာ့လွတ်မြောက်ရေး ရိန်းဂျားများအဖွဲ့ (Free Burma Rangers) က တပ်မတော်သည် လူသတ်မိုင်းအသစ် ဆက်လက်သုံးနေ သည်ဟု စွတ်စွဲပြောဆိုခဲ့သည်။ ၂၀၁၂ နိုဝင်ဘာလ၊ ပရဲကျေးရွာတွင် KIA ဆေးမှူးတဦးမိုင်းဒဏ်ရာရခဲ့သည်ကို ၎င်းအဖွဲ့ ထောက်ပြခဲ့သည်။[17] ၂၀၁၁ခုနှစ် အောက်တိုဘာလ မိုးမောက် မြို့နယ်တွင်း မြန်မာအစိုးရတပ်ဖွဲ့များ ထောင်ထားသော မိုင်းကို KIA စစ်သားများ နင်းမိသည်ဟု လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (HRW) က ၂၀၁၁ ခုနှစ်တွင် အစီရင်ခံခဲ့သည်။[18]

၂၀၁၃ခုနှစ် အစောပိုင်းအတွင်း ရခိုင်ပြည်တွင် တခြားသောပြည်နယ်အခြေပြုလုံခြုံရေးတပ်ဖွဲ့များက မိုင်းအသုံးပြုသည်ဟူသော စွတ်စွဲပြောဆိုချက်များရှိခဲ့သည်။ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် နစက၊ နယ်ခြားစောင့်တပ် အရာရှိများက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်စပ်စည်းမျဉ်းတလျှောက်တွင် မြေမြုပ်မိုင်းထောင်မည့် စီမံချက်တခုမကြာခင် စတင်မည်ဖြစ်ကြောင်း ပြောဆိုသည်ဟု နယ်စပ်ဖြတ်ကျော်ကုန်သယ်များက စောင့်ကြည့် လေ့လာရေးအဖွဲ့သို့ သတင်းပေးပြောဆိုခဲ့သည်။ "ကျနော့်ရွာကို ဒီကနေ တိုက်ရိုက်ပြန်လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ပုံမှန်သုံး နေတဲ့လမ်းမှာ မိုင်းထောင်ထားလို့။ ကျနော်ရောက်တုန်းက မိုင်းမရှိသေးဘူး။ စစ်တပ်က ပြီးခဲ့တဲ့ ၂ ရက်လောက်က မိုင်းထောင်လိုက်တာ။ ကျနော့်ကို ခွင့်ပြုချက်ပေးတဲ့ နစကအရာရှိက ဖုန်းဆက်ပြီးကျနော့်ကို ပြောတာနဲ့ ကျနော်လည်း အဲဒီလမ်းကနေ မပြန်တော့ဘူး။" ဟု ကမောက်ဆိပ်ကျေးရွာမှ ကုန်သည်တဦး[19]က ပြောဆိုခဲ့သည်။ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတဦးက သူ့စိတ်ထင် မြေမြုပ်မိုင်းဟုယူဆရသော အရာတခုကို

---

[15] ICBL-CMC, "Country Profile: Myanmar/Burma: Mine Ban Policy,"www.the-monitor.org/index.php/cp/display/region_profiles/theme/1195, 30 October 2011.

[16] Monitor က ကချင်ပြည်နယ်အတွင်း စစ်ရှောင်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနေသော လူသားချင်းစာနာသောအဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ရန်ကုန်။ ၁၄ နိုဝင်ဘာ ၂၀၁၂။ သတင်းပေးသူအမည်အား ဖော်ပြခြင်းမရှိပါ။

[17] Free Burma Rangers (FBR), "FBR အစီရင်ခံစာ: ပန်းဝါ နှင့် လိုင်ဇာဒေသအတွင်း တပ်မတော်ကထိုးစစ်အသစ်ဆင်နွှဲခြင်း, ကချင်ပြည်နယ်တိုက်ခိုက်မှုများတွင် ရဟတ်ယဉ်နှင့်မြေမြုပ်မိုင်းများအသုံးပြုခြင်း," Free Burma Rangers, 26 December 2012, www.freeburmarangers.org/2013/01/07/burma-army-opens-new-offensive-in-pang-wa-and-laiza-areas-using-helicopters-and-landmines-in-attacks-in-kachin-state/.

[18] Human Rights Watch Report, "Untold Miseries: Wartime Abuses and Forced Displacement in Kachin State," 20 March 2012, http://www.hrw.org/reports/2012/03/20/untold-miseries.

[19] မောင်းတောမြို့မယ်မြောက်ဖက်၊ ကမောက်ဆိပ်ကျေးရွာ။ နစက # ၂ လက်အောက်ခံ။

နယ်စပ်မျဉ်းတိုင်အမှတ် ၅၁ တွင် တွေ့ခဲ့ရသည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ကွန်ချရီရွာသားများက စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ ပြောဆိုခဲ့သည်။ ဒေသခံနယ်ခြားစောင့်ကင်းစခန်းအား သူချက်ချင်း အကြောင်းကြားခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တချို့ နယ်ခြားမျဉ်းတိုင်အမှတ် ၅၁ သို့သွားရောက်၍ ၎င်းအရာအား ဖယ်ရှားခဲ့ပြီး နိုင်ခွန်ချရီရှိ ၎င်းတို့တပ်ရင်းထံ သတင်းပို့ခဲ့သည်။[20] ဖေဖော်ဝါရီလနှောင်းပိုင်းတွင် နယ်ခြားစောင့်တပ်ဖွဲ့သည် ဒေသခံပြည်သူများအား နယ်ခြားဒေသအနီး သွားလာခြင်းကို ရှောင်ရှားရန် သတိပေးချက် ထုတ်ပြန်ခဲ့ပြီး၊ နယ်စပ်အနီးအများပြည်သူသွားရောက်ခြင်းကို တားမြစ်ပိတ်ပင်ရန်အတွက် စောင့်ကြည်ကင်းများ တိုးချဲ့ ချထားခဲ့သည်။[21]

နယ်ခြားစောင့်တပ်ဖွဲ့ (BGF) ဆိုသည်မှာ သူပုန်ဟောင်းအဖွဲ့များနှင့်ဖွဲ့စည်းထားပြီး ဒေသဆိုင်ရာ တပ်မတော်တပ်မှူးများ အုပ်ချုပ်မှုအောက်တွင် ထားရှိသော ပြည်သူ့စစ်တပ်ဖွဲ့ဖြစ်သည်။[22] BGF များသည် ယခင်၎င်းတို့ လက်နက်ကိုင်တပ်အဖြစ် ရပ်တည်ခဲ့သည့် နေရာနှင့် ဖွဲ့စည်းပုံအတိုင်း ဆက်ရှိခွင့်ရှိသည်။ BGF တပ်ဖွဲ့များသည် ၎င်း၏ စစ်ဆင်ရေးများကို တပ်မတော်၏ ညွှန်ကြားချက် အောက်မှသော်လည်းကောင်း သူ့သဘောနှင့်သူ လုပ်ဆောင်နေသလားဆိုတာ မရှင်းလင်းပေ။ BGF စတင်ဖွဲ့စည်းခဲ့သည်အချိန်မှစ၍ လူသတ်မိုင်းများ အခါအခွင့်သင့်သလို အသုံးပြုလာခဲ့သည်။သို့သော် ၂၀၁၂ခုနှစ် နှစ်လည်ပိုင်းခန့်မှစ၍ မိုင်းအသုံးပြုသည်ဟူသော သာဓကတိတိကျကျ မတွေ့ရှိခဲ့ရပေ။ သို့သော် အစိုးရတပ်များနှင့်အတူလက်တွဲ၍ KIA အားတိုက်ခိုက်နေသော ကချင်ပြည်နယ်အခြေစိုက် နယ်ခြားစောင့်တပ်ဖွဲ့တဖွဲ့က လိုအပ်ပါက မိုင်းစစ်ဆင်ရေး လုပ်ကောင်း လုပ်မည်ဟု စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ ပြောဆိုခဲ့သည်။[23]

## *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ အသုံးပြုမှု*[24]

၂၀၁၁ ခုနှစ်နှောင်းပိုင်းမှစတင်ဖြစ်ပေါ်ခဲ့သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများတွင် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကလူသတ်မိုင်းအသုံးပြုမှုကိုစွန့်လွှတ်ကြောင်း တရားဝင်ထုတ်ဖော်ပြောဆိုခြင်း မရှိသေးပေ။ ပြီးခဲ့သည့် ကာလများတွင် တချို့သောလက်နက်ကိုင် အဖွဲ့အစည်းများသည် ဆွတ်ဇာလန်ဂျီအိုတခုဖြစ်သော Geneva Call မှ ဆောင်ရွက်သော ကတိကဝတ်ပြုသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီး လူသတ်မိုင်းအသုံးပြုခြင်းကို တဖက်သတ် စွန့်လွှတ်ခဲ့သည့် သာဓကများရှိခဲ့သည်။[25]

---

[20] အထက်ဖော်ပြပါသတင်းအချက်အလက်အား မြန်မာနယ်စပ်အနီးနေထိုင်သူ (သို့မဟုတ်) စီးပွားရေးကိစ္စအတွက် ပုံမှန်နယ်စပ်ဖြတ်ကျော်စီးပွားရှာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများက စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ ပြောကြားချက်များဖြစ်သည်။ ဖြေဆိုသူများ၏အမည်များကို ဖော်ပြခြင်းမပြုပါ။ နိုင်ကွန်ချရီ။ ဖေဖော်ဝါရီ ၂၀၁၃။

[21] Deepak Acharjee, "Myanmar army undermines border norms," The Independent(Bangladesh), 12 June 2013, www.theindependentbd.com/index.php?option=com_content&view=article&id=173474:myanmar-army-undermines-border-norms&catid=129:frontpage&Itemid=121.

22 မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်အခြေခံဖွဲ့စည်းပုံအရ တိုင်းရင်းသားဒေသများတွင် အခြေစိုက်သော လက်နက်ကိုင်အဖွဲ့အများစုအား အမျိုးသားတပ်မတော်၏ အုပ်ချုပ်မှုအောက်တွင်ထားရှိရမည်။ ထို့ကြောင့် ၂၀၁၀ခုနှစ်ဧပြီလတွင် ယခင်နဖအ စစ်အစိုးရက တပ်မတော်နှင့် အပစ်အခတ်ရပ်ဆဲထားသော လက်နက်ကိုင်အဖွဲ့အားလုံးကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် တောင်းဆိုခဲ့သည်။ အသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်တွင် ကနဦးလက်နက်ဖြုတ်ခြင်း၊ နောက်တွင် အစိုးရထံသို့ လက်နက်အပ်ခြင်းနှင့် ဒေသဆိုင်ရာတပ်မတော်စစ်ဌာနချုပ်၏ အုပ်ချုပ်မှုအောက်သို့ ၎င်းတို့တပ်များ အပ်နှံရမည်ဖြစ်သည်။ ၎င်းကိစ္စကြောင့် တိုင်းပြည်အနှံ့အပြားတင်းမာမှု များဖြစ်ပေါ်လာခဲ့ပြီး အထူးသဖြင့် ကချင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။

[23] ကချင် BGF အဖွဲ့ဝင်တဦးနှင့် အင်တာဗျူးခြင်း။ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၃။

[24] ၁၉၉၉ ခုနှစ်မှစ၍ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် လူသတ်မိုင်းများ အသုံးပြုခဲ့သည်။ သို့သော် ၎င်းတို့အနက် တချို့သောအဖွဲ့အစည်းများသည် အဖွဲ့အစည်းအဖြစ် ရပ်တည်ခြင်းမရှိတော့ (သို့မဟုတ်) မိုင်းအသုံးပြုခြင်း မရှိတော့ပေ။

[25] ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော်သည် ၂၀၀၆ ခုနှစ် ဇူလိုင်တွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူဒီမိုကရက်တစ်တပ်ဦး(LDF)၊ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် နှင့်PPLO/ပအို့ဝ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ခုနှစ်ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဖွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖော်ပြခဲ့သည်။

အစိုးရသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များရယူသွားရန် ဆန္ဒရှိသည်ဟု ၂၀၁၁ ခုနှစ်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုအချိန်မှစ၍ အစည်းအဝေးပေါင်းများစွာ ဆက်တိုက်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးများအနက် တချို့အစည်းအဝေးများတွင် မိုင်းရှင်းလင်းရေး ကိစ္စ လိုအပ်ချက်ကို ဖော်ပြခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အားလုံးနှင့် ငြိမ်းချမ်းရေး သဘောတူ စာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးစားနေကြောင်းနှင့် မိုင်းအသုံးပြုမှုတားမြစ်ခြင်း ကိစ္စလည်း ပါဝင်လာနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ၂၀၁၂ ဇူလိုင်လတွင် ပြောဆိုခဲ့သည်။[26] သို့သော် ၂၀၁၃ ခုနှစ် သြဂုတ်လ (၁) ရက်နေ့အထိ အပစ်အခတ်ရပ်စဲထားသော မည်သည့်ဖက်ကမှ မိုင်းအသစ် အသုံးပြုခြင်းအား ရပ်တန့်မည်ဟု တရားဝင် ပြဋ္ဌာန်းထားခြင်း မရှိသေးပေ။ အတိုက်အခံအဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းမှုတွင် အဓိကအစိုးရကိုယ်စားပြု အဖွဲ့အစည်း တခု ဖြစ်သော မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနမှ တာဝန်ရှိသူတဦးက တချို့လက်နက်ကိုင် အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းသုံးခြင်းအားဖြင့် အစိုးရတပ်ဖွဲ့များတိုက်ခိုက်ခြင်းမှ အကာအကွယ်ပေးနိုင်သည်ဟု ယုံကြခဲ့ကြကြောင်း ပြောဆိုခဲ့သည်။ နှစ်ဖက်စလုံးတွင် တဖက်နှင့်တဖက် ယုံကြည်မှုနည်းပါးနေသရွေ့ ကာလပတ်လုံး မိုင်းရှင်းလင်းမှုကိစ္စဆောင်ရွက်ရန် ခက်ခဲနေအုံးမည်ဟု သူကဆက်လက်ပြောဆိုခဲ့သည်။[27]

ဒေသခံအစုအဖွဲ့များ နှင့် မီဒီယာပေးပို့ချက်များမှ ကောက်ယူရရှိသော ထွက်ဆိုချက်များအရ ယခုအစီရင်ခံစာရေးသားစဉ်ကာလအတွင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)၏ မိုင်းစစ်ဆင်ရေးတိုက်ခိုက်မှု နှင့် ကရင်ပြည်နယ်အတွင်း အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများအကြားဖြစ်ပွားသော ပဋိပက္ခများတွင် မိုင်းအသုံးပြုမှုဆက်လက်ရှိနေဆဲဟု တွေ့ရှိခဲ့ရသည်။ ၂၀၁၃ခုနှစ် မတ်လတွင် ရှမ်းပြည်မြောက်ပိုင်း နမ်တူမြို့နယ်တွင် ရေနံပိုက်လိုင်းကင်းလှည့်သော တပ်မတော်သားများအနက် တဦးက မိုင်းတက်နင်းမိသဖြင့် ၂ ဦးအသက်သေဆုံးပြီး ၄ ဦးထိခိုက် ဒဏ်ရာရခဲ့သည်ဟု။ မည်သည့်အဖွဲ့အစည်းက မိုင်းထောင်ခဲ့သည်ကို မသိရပါ။[28] ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် ထပ်မတော်သား ၄ဦးသည် ရှမ်းပြည်မြောက်ပိုင်း၊တန်ယန်းမြို့နယ်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ထောင်သော မိုင်းကြောင့် ဒဏ်ရာရခဲ့သည်။[29] ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် တိုးတက်သော ကရင်ဗုဒ္ဓ ဘာသာတပ်မတော် (DKBA) ကထောင်ထားသည်ယူဆရသော မိုင်းကို ကော့ကရိတ်မြို့နယ်မှ ရွာသားတဦး နင်းမိခဲ့သည်။[30] မွန်ပြည်နယ်တွင် အသစ်ထောင်ထားသော မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရမှုများရှိခဲ့သည်ဟု ရွာသားများကပြောဆိုသည်။ သို့သော် မည်သူထောင်သူကိုတော့ မသိရပေ။[31] ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် မုန်းမြို့နယ်မှ ရွာသားတဦးက ကရင့်အမျိုးသား

---

[26] နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ကြိမ်မြောက်အစည်းအဝေးသဘာပတိ Prak Sokhonnအား အထက်ပါအတိုင်း ပြောကြားခဲ့သည်။၂၀၁၂ ခုနှစ် ဖနွမ်ပင်တွင်ကျင်းပသော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝးအတွင်း အလွတ်သဘောတွေ့ဆုံခြင်း။ "'မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အကောင်အထည်ဖော်ခြင်း အထောက်အပံ့ယူနစ်။ ဇူလိုင် ၁၂ ၂၀၁၂။ http://bit.ly/Pa7U5b.

[27] "မြန်မာနိုင်ငံမြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းအတွက် အနှောက်အယှက်ဖြစ်နေသော နိုင်ငံရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်" *အလဲဗင်းမဂ္ဂဇင်း၊* ၂၃ မတ် ၂၀၁၃။ www.elevenmyanmar.com/national/2886-politics-and-peace-process-obstacle-to-myanmar-land-mine-elimination-procedure.

[28] "မြေမြှုပ်မိုင်းကြောင့်မြန်မာစစ်သားသေဆုံး။ ရွာသားများ ခြိမ်းခြောက်ခံရ။" ရှမ်းသံတော်ဆင့်သတင်းစဉ်။ ၃ မေ ၂၀၁၃။ www.bnionline.net/index.php/news/shan/15055-landmine-kills-burma-army-soldiers-villagers-threatened.html. #2013-B44, 8 July2013,www.khrg.org/2013/07/13-61-d1/landmine-injuries-mone-township-nyaunglebin-district-january-2013.

[29] "ရှမ်းတပ်နှင့်တကျော့ပြန် ပြန်တိုက်ခိုက်မှုများက ဝ တပ်မတော်အတွက်သတိပြုစရာများ" ရှမ်းသံတော်ဆင့်သတင်းစဉ်။ ၁၅ ဖေဖော်ဝါရီ ၂၀၁၃။www.shanland.org/index.php?option=com_content&view=article&id=5254:fresh-tensions-with-shan-army-have-implications-for-wa&catid=86:war&Itemid=284.

[30] ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ မြေမြှုပ်မိုင်းသတင်းစဉ်အကျဉ်းချုပ်။ မေ ၂၀၁၂ - မတ် ၂၀၁၃ အတွင်းရရှိသော သတင်းအချက်အလက်။ ၈ မေ ၂၀၁၃၊ နာ ၈။

[31] ၎င်းဒေသတွင်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် မြန်မာတပ်မတော် လှုပ်ရှားသည်ဟုရွာသားများကပြောဆိုခဲ့သည်။ KHRG၊ "၂၀၁၃ခုနှစ်ဇန်နဝါရီလမှစ၍ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်အတွင်းမြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရမှုများ။" သတင်းစဉ်။ KHRG/

လွတ်မြောက်ရေးတပ်မတော် (KNLA) သည် မြေမြုပ်မိုင်းများဆက်လက်အသုံးပြုနေကြောင်းနှင့် ၎င်းတို့ အခြေစိုက်စခန်းအနီးတဝိုက် ဖြတ်သန်းသွားလာသည့်အခါတိုင်း အထူးသတိထားသွားလာရသည်ဟု ပြောဆိုခဲ့သည်။[32]

၂၀၁၂ ခုနှစ်မေလတွင် တပ်မတော်က တိုက်ခိုက်သိမ်းယူခဲ့သော KIA ရှေ့တန်းစခန်းတခုမှ မိုင်းများရှာဖွေတွေ့ရှိခဲ့သည်ဟု နိုင်ငံတော်မီဒီယာများတွင် ဖေါ်ပြခဲ့သည်။[33] လက်နက်ကိုင်တိုက်ပွဲများတကျော့ပြန်ဖြစ်ကတည်းက ၎င်း၏ခုခံစစ်အတွက် မိုင်းခင်းထားသည်ဟု အများပြည်သူသို့ သတိပေးချက်တခုကို KIA က ထုတ်ပြန်ခဲ့ဖူးသည်။[34]

၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ မြေမြုပ်မိုင်းထိခိုက်မှု ဖြစ်စဉ်တချို့သည် KNLA နှင့် BGF တို့ထောင်ထားသော မိုင်းများကြောင့်ဖြစ်သည်။ သို့သော် ရရှိသောအစီရင်ခံစာများအရ မည်သည့်အချိန်တွင် မိုင်းထောင်သည်ဟူသော အချက်ကိုတော့ တိတိကျကျ သတ်မှတ်နိုင်ခြင်းမရှိပေ။[35]

၂၀၁၂ခုနှစ် အောက်တိုဘာလတွင် သံတောင်မြို့နယ်အတွင်းရှိ ရွာသားများကို KNLA တပ်ဖွဲ့များက ၎င်းတို့မိုင်းထောင်ခဲ့သည့်နေရာများကို မမှတ်မိတော့ကြောင်း နှင့် အဆိုပါနေရာများသို့ ပြည်သူများမသွားရောက်ကြရန် နှုတ်ဖြင့် သတိပေးခဲ့သည်။ အကယ်၍ သတိပေးထားသည့်နေရာသို့ဝင်ရောက်ပြီး တစုံတရာထိခိုက်အနာတရဖြစ်ပါက ရွာသား၏ ပြဿနာအဖြစ်မှတ်ယူကြောင်းပါ ၎င်းတို့ပြောကြားခဲ့သည်။[36]

၂၀၁၃ခုနှစ်ဖေဖေါ်ဝါရီတွင် ဖါပွန်မြို့နယ်အတွင်း ကားမိုင်းပေါက်ကွဲမှုကြောင့် အရပ်သားငါးဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[37] KNLA က ကျောက်ကြီးမြို့နယ်တွင် ၎င်းတို့ထောင်းထားသောကားမိုင်းသည် လက်ကိုင်ပျက်ဆီးသွားသဖြင့် ပြန်ဖေါ်မရဖြစ်ခဲ့သည်။ ထို့ကြောင့် မိုင်းနေရာအား အမှတ်အသားပြုခဲ့သည်ဟု တခြားသတင်းအစီရင်ခံတခုတွင် ဖေါ်ပြခဲ့သည်။[38]

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်တွင် တည်ရှိသော နိုင်ငံတော်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေးနှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍မရသော အစိတ်အပိုင်းများအပါအဝင် ဖြန့်ထွက်လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[39] မြန်မာနိုင်ငံအာဏာပိုင်များသည် ၎င်းတို့ သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း မရှိပေ။ ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု နှင့် တခြားအမည်မသိ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း

---

32 ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ မြေမြုပ်မိုင်းသတင်းစဉ်အကျဉ်းချုပ်။ ဧပြီ ၂၀၁၂ - မတ် ၂၀၁၃ အတွင်းရရှိသော သတင်းအချက်အလက်။ ၈ ဧပြီ ၂၀၁၃၊ နှာ ၉။

33 KIA တပ်များသည် နယ်ခြားစောင့်တပ်ဖွဲ့ ၁၀၀၂ (ဌာနချုပ်) နှင့် တိုက်ပွဲဖြစ်ပြီး အကျအဆုံးများစွာနှင့် ဆုတ်ခွာ။ မြန်မာ့အလင်းသတင်းစာ။ ၄ မေ ၂၀၁၃။

34 ICBL-CMC, "Country Profile: Myanmar/Burma: Mine Ban Policy,"www.the-monitor.org/index.php/cp/display/region_profiles/theme/1195, 30 October 2011.

35 ၂၀၁၂ခုနှစ်စက်တင်ဘာလတွင် BGF နှင့် KNLA မိုင်းများကြောင့် မြဝတီတွင် ထိခိုက်ဒဏ်ရာရမှု သုံးခုရှိခဲ့သည်ဟု သတင်းရရှိခဲ့သည်။ သို့သော်မည်သည့်အချိန်တွင် ထောင်သည်နှင့်ပတ်သက်၍ အစီရင်ခံမှုများတွင် ဖေါ်ပြထားခြင်းမရှိပေ။ ဥပမာ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ မြေမြုပ်မိုင်းသတင်းစဉ်အကျဉ်းချုပ်။ ဧပြီ ၂၀၁၂ - မတ် ၂၀၁၃ အတွင်းရရှိသော သတင်းအချက်အလက်။ ၈ ဧပြီ ၂၀၁၃၊ နှာ ၁၂။

36 ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ မြေမြုပ်မိုင်းသတင်းစဉ်အကျဉ်းချုပ်။ ဧပြီ ၂၀၁၂ - မတ် ၂၀၁၃ အတွင်းရရှိသော သတင်းအချက်အလက်။ ၈ ဧပြီ ၂၀၁၃၊ နှာ ၁၄။

37 KHRG ၊ "ဖါပွန်အခြေအနေနောက်ဆုံးအခြေအနေ။ ဘူသိုမြို့နယ်။ ဇန်နဝါရီ - မတ်လ ၂၀၁၃။ သတင်းစာစောင်။ ၁၈ ဇွန် ၂၀၁၃။ www.khrg.org/2013/07/13-37-s1/papun-situation-update-bu-tho-township-january-march-2013.

38 KHRG ၊ "ညောင်လေးပင်အခြေအနေနောက်ဆုံးအခြေအနေ။ ကျောက်ကြီးမြို့နယ်။ ဇူလိုင်မှ စက်တင်ဘာ ၂၀၁၂။ သတင်းစာစောင်။ ၂၀ ဇွန် ၂၀၁၃။ , www.khrg.org/2013/06/12-134-s1/nyaunglebin-situation-update-kyauk-kyi-township-july-september-2012.

39 မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MMA မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစားရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

လူသတ်မိုင်းများ ဝယ်ယူအသုံးပြုမှုရှိသည်ဟု မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံ တင်ပြခဲ့ဖူးသည်။[40] မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံတခုအဖြစ်သတ်မှတ်ခံထားရခြင်း မရှိချေ။[41]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း*

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဝ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော်တို့သည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများ ထုတ်လုပ်သည်။ KNLA မှတပ်ဖွဲ့အားလုံးသည် နိုင်ငံခြားသား ပညာရှင်တဦးနှင့် လေ့ကျင်သင်ကြားပြီးနောက် နင်းမိုင်းများ ကိုယ်တိုင်ထုတ်၍ အသုံးပြုနိုင်သည်။42 မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် အစိုးရတပ်မှ ထောင်ခဲ့သောမိုင်းများကို ပြန်လည်တူးဖေါ်ခြင်းမှသော်လည်းကောင်း၊ မြန်မာစစ်တပ်လက်နက်တိုက်များကိုသိမ်းယူခြင်းဖြင့် သော်လည်းကောင်း လျို့ဝှက်လက်နက်စျေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများရရှိတက်သည်။43 တချို့လက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့် အပစ်အခတ်ရပ်ဆဲရေး သဘောတူစာချုပ်များ ချုပ်ဆိုထားသော်လည်း လက်နက်ဆက်လက်ဆွဲကိုင်ထားဆဲဖြစ်ပြီး လူသတ်မိုင်းများကိုလည်း လက်ဝယ်ဆက်လက် ထိန်းသိမ်း ထားဆဲဖြစ်သည်။44 ၂၀၁၁ခုနှစ် အောက်တိုဘာလတွင် KIA ထိုးစစ်တွင် မြေမြုပ်မိုင်းနှင့် တခြားလက်နက်များ ရရှိခဲ့သည်ဟု အာဏာပိုင်များက ကြေငြာခဲ့သည်။[45]

### မိုင်းဖြန့်ကျက်တည်ရှိမှုနှင့် သက်ရောက်မှု

တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးကာလအလွန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတော်လှန်စစ်ပွဲများ၏ ရလဒ်အဖြစ် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသောနယ်စပ်ဒေသများ၊ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းဒေသများတွင် မိုင်းအများအပြား ပြန့်နှံ့တည်ရှိနေသည်ဟု ယုံကြည်ရသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အပြင် ပဲခူးနှင့် တနင်္သာရီတိုင်း ပြည်နယ် ၅၀ ခန့်တွင်[46]နေထိုင်နေသော ပြည်သူများသည်

---

[40] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့်ဗြိတိန်လုပ် LTM-73, LTM-76

[41] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာလူသိရှင်ကြားထုတ်ဖေါ်ခြင်းမရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

[42] ၂၀၁၁ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သံတမန်တဦးနှင့်အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစိများထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟုဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင်KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။ "

[43] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26နင်းမိုင်းရှိသည်ဟု ခေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ခုနှစ်တွင် လျို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများရှိခဲ့သည်ဟုဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ် သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

[44] လက်နက်ကိုင်အဖွဲ့အစည်းတဒါဇင်ခန့်သည် အစိုးရနှင့် နှုတ်အားဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရထားသည်။ "အပစ်အခတ်ရပ်စဲရေးအဖွဲ့များ" ဟု မကြာခဏရည်ညွှန်းပြောဆိုလေ့ရှိသော်လည်း တွေ့ဆုံဆွေးနွေးအဖြေရှာမှုတခုဆီသို့ဦးတည်စေသော တရားဝင်အပစ်ရပ်စာချုပ်မျိုး ချုပ်ဆိုထားခြင်းမရှိပေ။ လူသတ်မိုင်းများအပါအဝင် လက်နက်ဆက်လက်ဆွဲကိုင်ထားသော အဖွဲ့များဖြစ်သည်။

[45] "ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်အတွင်း တပ်မတော်စစ်ကြောင်းများမှ လက်နက်များ၊ ကျည်ဆံများ၊ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရေးစက်ပစ္စည်းများ သိမ်းဆည်းရမိ။ မြန်မာ့အလင်းသတင်းစာ (နေပြည်တော်)။ အောက်တိုဘာ ၁၁ ၂၀၁၁။ စာ (၁၆)"

[46] မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအဆင့်သတ်မှတ်ပေးထားသော ပြည်နယ်နှင့်တိုင်းဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ တိုင်းရင်းသားများ၏ အမည်ကိုကိုယ်စားပြု၍ ပြည်နယ်အမည်များကို သတ်မှတ်သည်။ တိုင်းရင်းသားလူမျိုးတသီးတသန့်မရှိသော ဒေသများကို တိုင်းဒေသကြီးဟုသတ်မှတ်သည်။ ယခင်စစ်အစိုးရသည် တိုင်းပြည်၏ အမည်ကို Burma မှ Myanmar ဟု ပြောင်းလဲအမည်မှတ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအုပ်စုအများစု နှင့် တိုင်းပြည်အများစုက Burma အနေဖြင့်သာ

မိုင်းအန္တရာယ် ကျရောက်နေသည်။ အထူးသဖြင့် လူသတ်မိုင်းအန္တရာယ် ဖြစ်သည်။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းသည် မိုင်းအများဆုံးတည်ရှိသည့် ဒေသများအဖြစ် သံသယရှိနေပြီး မိုင်းဒဏ်ခံရသူဦးရေ အများဆုံး ဒေသများလည်းဖြစ်သည်။ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ချင်းပြည်နယ် အိန္ဒိယနယ်စပ်အနီးမြို့နယ်များအတွင်း ယခင်က သံသယရှိဖွယ် အန္တရာယ်များသောဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် သတ်မှတ်ထားခြင်းမခံရသောနယ်မြေများနှင့် ပတ်သက်၍လည်း အစီရင်ခံမှုများ လက်ခံရရှိသည်။[47]

မိုင်းပျံ့နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အောက်ဖေါ်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ချီဗီ၊မန်ရှီ၊ မိုးကောင်း၊မိုးမောက်၊ မြစ်ကြီးနား၊ စလော နှင့် ဝိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနက်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ ဆီဆိုင်၊လန်ခို၊ မောက်မိုင်၊ မိုင်းပန်၊မိုင်းတုံ၊ မိုင်းဖြတ်၊ နမ်ဆန်၊ တာချီလိတ်၊ နမ်ခမ်း၊ ယောက်ဆပ် နှင့် ဝမ်းဂန်
- တန်သာ်ရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ တနသာ်ရီ၊ သရက်ချောင်း နှင့် ရေဖြူ
- ချင်းပြည်နယ်

ဆက်လက်ခေါ်ဝေါ်သုံးစွဲရန်နှစ်သက်ကြသည်။ ပြည်နယ်နှင့်တိုင်းအမည်များကို အများသိသည့်အမည်များကိုဆက်လက်သုံးစွဲသလို နအဖအစိုးရသတ်မှတ်ပေးခဲ့သော အမည်ကိုလည်း ကွင်းစ ကွင်းပိတ်ခံ၍ သုံးစွဲခြင်းမျိုးလည်းရှိသည်။

47 Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြားအဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းမှရရှိသည့် အချက်အလက်များပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီလမှ ၂၀၁၀ ခုနှစ် ဖွန်လအထိ ထိခိုက်ဒဏ်ရာရမှု ဒေတာများ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီမှ ၂၀၁၀ ဖွန်အထိ တခြားသတင်းပေးများထံမှ ရရှိသော ဒေတာများပါဝင်သည်။

## *စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ*

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက်ကျည်များ၊ လက်နက်ခဲယမ်းများ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ နောက်ဆက်တွဲသက်ရောက်မှုကိုပါခံနေရသည်။ သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန့်နှံ့နေသည်ကို မသိရပေ။[48]

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့အထိ မြန်မာ့တပ်မတော် (လေ)သည် ကချင်ပြည်နယ်အတွင်း အမျိုးအမည်မသိ ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများအသုံးပြုခဲ့သည်ဟု ကချင်သတင်းထုတ်ပြန်ရေးရုံးက ၂၀၁၃ခုနှစ် ဧပြီလတွင် သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် အတည်ပြုချက်ရယူနိုင်ခြင်းမရှိပါ။[49]

## မိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်

မြန်မာနိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူးထောင်ရေးဗဟိုဌာန (MPC) ၏ လက်အောက်တွင် မိုင်းဆိုင်ရာ လုပ်ငန်းဌာန တခု ဖွဲ့စည်း၍ဆောင်ရွက်မည်ကို မူအားဖြင့် သဘောတူခဲ့သည်။ MPC သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် သဘောတူညီချက်များရယူခြင်း၊ အကောင်အထည်ဖော်ခြင်းများအတွက် တာဝန်ခံဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပြီး သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၏ဦးဆောင်မှုအောက်တွင်ရှိသည်။ သို့သော် ၂၀၁၃ခုနှစ် ဩဂုတ်လအစောပိုင်းအထိ MPC သည် မိုင်းဆိုင်ရာလုပ်ငန်းဌာနအတွက် သမ္မတ၏ သဘောတူညီချက်ယူရန် လုပ်ငန်းစီမံချက် တင်ပြရခြင်း မရှိသေးပေ။[50]

MPC သည် နိုင်ငံလုံးဆိုင်ရာမိုင်းလှုပ်ရှားမှုမဟာဗျူဟာ ရေးဆွဲပြင်ဆင်ခြင်းကို ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာ လူသားချင်းစာနာသော မိုင်းဆိုင်ရာ အကူအညီပေးသူများနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ကုလသမ္မဂမှ ငှားရမ်းပေးသော အကြံပေးတဦး၏ အကူအညီဖြင့် ၎င်းမဟာဗျူဟာကို ကနဦး မူကြမ်းရေးဆွဲခဲ့သည်။ မိုင်းဆိုင်ရာအကူညအီပေးသူများနှင့် ပူးပေါင်း၍ နိုင်ငံလိုင်းဆိုင်ရာစံသတ်မှတ်ချက်များ ရေးဆွဲခဲ့သည်။ ၂၀၁၃ခုနှစ် ဩဂုတ်လ အစပိုင်းအထိ MPC သည် မဟာဗျူဟာကိုသော်လည်း စံသတ်မှတ်ချက်ကိုသော်လည်းကောင်း အစိုးရအတည်ပြုချက်ရယူရန် တင်ပြရခြင်းမရှိသေးချေ။

Dan Church Aid (DCA), HALO Trust နှင့် NOrwegian People's Aid (NPA) အပါအဝင် နိုင်ငံတကာမိုင်းဖေါ်ရေး အဖွဲ့အစည်းများသည် ၂၀၁၂ ခုနှစ်တွင် ရန်ကုန်တွင် ရုံးများစတင်ဖွင့်လှစ်ခဲ့ပြီး၊ စစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများအတွက် ဖြစ်နိုင်ချေများကို MPC နှင့် ဆွေးနွေးခဲ့သော်လည်း ၂၀၁၃ ခုနှစ် နှစ်လည်ပိုင်းအထိ လုပ်ငန်းများစတင်လည်ပတ်ရန် မည်သည့်သဘောတူညီချက်မှ မရှိသေးပေ။[51]

ကရင်ပြည်နယ် လွှတ်တော်အမတ်တဦးမှ ၎င်း၏ မဲဆန္ဒနယ်မြေ ခြောက်ရွာအတွင်းမှ မိုင်းများရှင်းလင်းပေးရန် လွှတ်တော်အတွင်း မေးခွန်းကို ဖြေကြားသည့်အနေဖြင့် နယ်စပ်ရေးရာပြည်နယ်ဝန်ကြီးက အဆိုပါ ရွာခြောက်ရွာသည်

---

[48] ဥပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင်း သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan. " ဧရာဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့။" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

[49] ကချင်သတင်းထုတ်ပြန်ရေးရုံးက စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ ဓါတ်ပုံသက်သေထုတ်ပြခဲ့သည်။ ၁၉ ဧပြီ ၂၀၁၃။

[50] နေမျိုးနိုင်နှင့်အင်တာဗျူး။ လက်ထောက်အမှုဆောင်ဒါရိုက်တာ၊ MPC ၊ ဂျနီဗာ။ ၁၂ ဧပြီ ၂၀၁၃ နှင့် Alsek Steen – Nilsen နှင့် စကိုက်အင်တာဗျူး။ ပရိုဂရမ်မန်နေဂျာ၊ မြန်မာနိုင်ငံ၊ နော်ဝေပြည်သူအကူအညီအဖွဲ့ (NPA) ၃ ဇူလိုင် ၂၀၁၃

[51] BjarneUssing နှင့် တယ်လီဖုန်းအင်တာဗျူး။ မြန်မာနိုင်ငံဆိုင်ရာ ပရိုဂရမ်မန်နေဂျာ၊ DCA, ဧပြီ ၆ ၂၀၁၂။ Andreas Indregard နှင့် တယ်လီဖုန်းအင်တာဗျူး။ မြန်မာနိုင်ငံဌာနေညွှန်ကြားရေးမှူး။ NPA၊ ဘန်ကောက်။ ဧပြီ ၁၂ ၂၀၁၂။

DKBA ထိန်းချုပ်မှုအောက်တွင် ရှိသဖြင့် DKBA မှ မိုင်းဖယ်ရှားသင့်ကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် အကူအညီ တောင်းခံပါက ပေးနိုင်ကြောင်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြောဆိုခဲ့သည်။ 52

## ၂၀၁၁ ခုနှစ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ

မကြာသေးမီနှစ်များအတွင်း တပ်မတော်၊ ရွာသားနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများတွင် ကြိုကြားကြိုကြား မိုင်းဖေါ် ခြင်းလုပ်ငန်းများ ရှိခဲ့သည်ဟူသော အစီရင်ခံမှုများ ရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အရှေ့ဖက်တွင် ကရင့်အမျိုးတပ်မတော(KNLA) တပ်ရင်းအမှတ် (၁၀၁) နှင့် နယ်ခြားစောင့်တပ်ဖွဲ့ (BGF) သည် ဒေသခံပြည်သူလူထုက မိုင်းရှင်းပေးရန်တောင်းဆိုလာပါက၊ ယခင်နှစ်ဖွဲ့စလုံးက ထောင်ခဲ့ဖူးသော မြို့နယ်ခွဲတခု ဖြစ်ပါက နှစ်ဖွဲ့ပေါင်း၍ မိုင်းရှင်းမည်ဟု သဘောတူညီမှု ရခဲ့သည်။ BGF စစ်သားတဦး ကိုယ့်မိုင်းနှင့်ကို မတော်တစ ပေါက်ကွဲထိခိုက်ဒဏ်ရာရခဲ့သည်အထိ မိုင်းအလုံး၃၀ ဖေါ်နိုင်ခဲ့သည်။ မိုင်းဖေါ်ခြင်းလုပ်ငန်းကို ရပ်တန့်ခဲ့ပြီး ဆက်လက်လုပ်ဆောင်ခြင်းမရှိတော့ပါ။53 တပ်မတော်တွင် စစ်သားအားလုံးသည် မိုင်းကိုင်တွယ်ကိုင်နည်းကို လေ့ကျင့်သင်ကြားရပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများစွာကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသည်ဟု ၂၀၁၂ခုနှစ်အတွင်း အင်တာဗျူးခွင့်ရခဲ့သော တပ်မတော်ကလေစစ်သားများက ပြောဆိုခဲ့သည်။54

၂၀၁၂ခုနှစ် မေလတွင် ကချင်ပြည်နယ်အတွင်း နေရပ်ရင်းကျေးရွာသို့ စွန့်ပစ်ထွက်ပြေးလာသူ အိုးအိမ်မဲ့ပြည်သူများသည် ပေါ်တာအဖြစ်အဖမ်းခံကြရပြီး တပ်မတော်စစ်သားများရှေ့မှ သွားခိုင်းသည်။ မြေမြှုပ်မိုင်းရှိပါက ပေါ်တာများထိစေရန်ဖြစ်သည်။55

မြန်မာပြည်လွတ်မြောက်ရေးရိန်ဂျာများအဖွဲ့ (FBR) သည် ၎င်း၏အကူအညီပေးရေးအဖွဲ့များအတွက် မိုင်းအမျိုး အစား သတ်မှတ်ခြင်းနှင့် အရေးပေါ်မိုင်းရှင်းလင်းခြင်း လုပ်ထုံးလုပ်နည်းများကိုပါ သင်ရိုးညွှန်းတမ်းတွင် တပါတည်း ထည့်သွင်းဖေါ်ပြသည်။ ၎င်းကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်စဉ်ကာလအတွင်း တွေ့ရှိခဲ့သော မိုင်းများကို FBR လုပ်သားများက ဖယ်ရှားပစ်သလို တခါတခါ အစိုးရအတိုက်အခံ လက်နက်ကိုင်အဖွဲ့များထံသို့ လက်လွှဲပေးခြင်း (သို့မဟုတ်) လက်နက်ကိုင် အဖွဲ့ဝင်များကိုယ်တိုင် ဖယ်ရှားခြင်းများ ရှိတတ်သည်။56

လက်နက်ကိုင်ပဋိပက္ခကြောင့်အိုးအိမ်မဲ့လူမှုအသိုင်းအဝန်းပြန်လည်နေရာချထားရေးကို ကူညီပံ့ပိုးပေးရန်အတွက် နော်ဝေနိုင်ငံ၏ အဆိုပြုလွှာကို ၂၀၁၂ ခုနှစ် ဧပြီလတွင် ဝန်ကြီး ဦးအောင်မင်းက အတည်ပြုပေးခဲ့သည်။ ၎င်းအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် နော်ဝေးပြည်သူအကူအညီအထောက်အပံ့အဖွဲ့(NPA)သည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် တွင် သုံးရက်ကြာ လေ့လာမှုဆောင်ရွက်ခဲ့သည်။57ပြည်လည်နေရာချထားရေးအတွက် ထည့်သွင်းစဉ်းစားခဲ့သော နေရာများသည် မိုင်းသင့်ဒေသများဖြစ်သည်ဟု လေ့လာချက်က အတည်ပြုပေးနိုင်ခဲ့သည်။ သို့သော် ၎င်းဒေသအတွင်း ပိုမိုအသေးစိတ်ကျကျ လေ့လာနိုင်ရန်အတွက် နောက်ဆက်တွဲခွင့်ပြုချက်ကို NPA မရခဲ့ပေ။58

၂၀၁၂ခုနှစ်တွင် မိုင်းအန္တရာယ်လျော့ပါးရေးပညာရေး (RE) နိုင်ငံတော်အဆင့်အလုပ်အဖွဲ့အား လူမှုဖူလုံရေး ဝန်ကြီးဌာန လက်အောက်တွင် ၂၀၁၂ ခုနှစ်၌ တည်ထောင်ခဲ့သည်။ ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော

52 မင်းအောင်လင်းနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ကရင်ပြည်နယ်လွှတ်တော်အမတ်၊ ဘားအံ။ ကရင်ပြည်နယ်။ ဖေ ၁၇ ၂၀၁၂။

53 KHRG ၊ "ဘားအံ အခြေအနေနောက်ဆုံးအခြေအနေ။ တနေစဲ မြို့နယ်။ စက်တင်ဘာ ၂၀၁၁ မှ ဧပြီ ၂၀၁၂။ သတင်းစာစောင်။ ၆ ဇူလိုင် ၂၀၁၂။

54 စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အမည်ထုတ်ဖေါ်မပြောလိုသောသတင်းအရင်းအမြစ်များက ပေးပို့သော အချက်အလက်များ။ ၁၁ ဖေဖော်ဝါရီ ၂၀၁၃။

55 ကချင်ပြည်နယ်အတွင်းအိုးအိမ်မဲ့ပြည်သူများအတွက် ကူညီထောက်ပံ့ပေးနေသော အမည်ထုတ်ဖေါ်မပြောလိုသော နိုင်ငံတကာလူသားချင်းစာနာသောအေဂျင်စီတခုမှ ပေးပို့သော သတင်းအချက်အလက်။ ရန်ကုန်၊ ၁၆ နိုဝင်ဘာ ၂၀၁၂။

56 FBR,"FBR ရှမ်းအကူအညီပေးအဖွဲ့ သင်တန်း အစီရင်ခံစာ။ "ရှမ်းပြည်နယ်၊မြန်မာနိုင်ငံ။ မေ ၂၀၁၁

57 Andreas Indregard နှင့်အင်တာဗျူး။ မြန်မာနိုင်ငံဌာနေညွှန်ကြားရေးမှူး။ NPA၊ ဘန်ကောက်။ ဧပြီ ၁၂ ၂၀၁၂။

58 Aksel Steen-Nilsen နှင့် တယ်လီဖုန်းအင်တာဗျူး။ NPA၊ ဧပြီ ၂၀ ၂၀၁၂။

အဖွဲ့အစည်းများ၊ တခြားဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် မိုင်းထိသော ဒေသများအတွင်း ၎င်းလုပ်ငန်းဆောင်ရွက်မှုသည် အကန့်အသတ်ဖြင့်သာ ရှိနေခြင်း သို့မဟုတ် တခါတရံ လုံးဝမရှိနေသည်ကို မြင်တွေ့ရသည်။

၂၀၁၂ခုနှစ်အတွင်း ကရင်နီပြည်နယ်တွင် ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ကရင်ပြည်နယ်တွင် ကရင်နိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူအရေးကော်မတီ၊ ကရင်ထောက်ပံ့ပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှင့် မယ်တော် ဆေးပေးခန်းတို့က ပြည်သူပေါင်း ၁၂ ၆၅၇ ဦးသို့ မိုင်းအန္တရာယ်လျော့ပါးရေး တရက်ကြာပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။59

၂၀၁၂ ခုနှစ်အတွင်း လူမှုဖူလုံရေးဝန်ကြီးဌာန နှင့် UNICEF ကိုယ်စား DCA သည် မြို့နယ် ၂မြို့နယ်မှ ကျန်းမာရေးနှင့်ပညာရေးဝန်ထမ်းများ၊ အန်ဂျီအိုဝန်ထမ်းများအား RE နှင့်ပတ်သက်သည့် သဘောတရားမိတ်ဆက်ပွဲ RE အလုပ်ရုံဆွေးနွေးပွဲ ၅ ခု ကျင်းပပေးခဲ့သည်။ပထမ ၂ ခုကို ရန်ကုန်နှင့် မန္တလေးတွင် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည်။60 ရှမ်းပြည်မြောက်ပိုင်း လာရှိုးနှင့် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမှ ဝန်ထမ်းများအတွက် မေလနောင်းပိုင်း နှင့် ဖွန်လအစောပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ၂ ခု ကျင်းပပေးခဲ့သည်။ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲနှစ်ခုတွင် ပြည်ထဲရေးဝန်ကြီးဌာန နှင့် ရဲတပ်ဖွဲ့မှ အရာရှိများပါဝင်ခဲ့သည်။ နောက်ဆုံးအကြိမ် ဆွေးနွေးပွဲကို ကယားပြည်နယ်တွင် စက်တင်ဘာလ၌ ကျင်းပခဲ့သည်။61၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကချင်ပြည်နယ်အတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများအတွက် RE ဆရာဖြစ်သင်တန်းတခုကို DCA က ဆောင်ရွက်ပေးခဲ့သည်။62

**ထိခိုက်ဒဏ်ရာရမှု**

| | |
|---|---|
| **၂၀၁၂ ခုနှစ်ကုန်အထိ စုဆောင်းမိသမျှ ထိခိုက် ဒဏ်ရာစာရင်း** | ၃၃၄၉ ဦး (၃၁၉ဦးသေ၊ ၂၈၂၉ဦးဒဏ်ရာ၊ ၂၀၁ဦးမသိရ) ၁၉၉၉ ခုနှစ်မှစ၍ |
| **၂၀၁၂ခုနှစ်အတွင်းထိခိုက်ဒဏ်ရာမှု အသေးစိတ်** | ၁၆ဦးသေ၊ ၉၀ ဦးဒဏ်ရာ၊ ၄ဦးမသိရ (၂၀၁၁ ခုနှစ်တွင် ၈၄ ဦးသေ၊ ၂၉၃ ဦးဒဏ်ရာ၊ ၄ ဦးမသိရ။) |
| **၂၀၁၁ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရစေသော မိုင်းအမျိုးအစားများ** | လူသတ်မိုင်း/IEDs ၇၅၊ ERW ၂ လုံး၊ အမျိုးအမည်မသိ ၂၉ လုံး။ |

နိုင်ငံပိုင် နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့အစည်းများမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်း/စစ်အတွင်း ကျန်ရစ်သော အကြွင်းအကျန်

[59] အမည်ထုတ်ဖော်မပြောလိုသော နိုင်ငံတကာလူသားချင်းစာနာသောအေဂျင်စီတခုမှ ပေးပို့သော သတင်းအချက်အလက်။ ၁၆ မေ ၂၀၁၂။

[60] Bjame Ussing နှင့် တယ်လီဖုန်းအင်တာဗျူး။ မြန်မာနိုင်ငံဆိုင်ရာပရိုဂရမ်မန်နေဂျာ။ DCA။ ၆ ဧပြီ ၂၀၁၂။ Jeannette Wijants ထံမှ အီးမေး။ တာဝန်ခံ။ ကလေးအကာအကွယ်ပေးရေးဌာန။ UNICEF။ မြန်မာ။ ၁၄ ဖွန် ၂၀၁၂။

[61] Bjame Ussing ထံမှ အီးမေး။ DCA။ ၁၃ ဧပြီ ၂၀၁၃ နှင့် Jeannette Wijants ထံမှ အီးမေး။ UNICEF၊ မြန်မာနိုင်ငံ။ ၁၄ ဖွန် ၂၀၁၂။

[62] Bjame Ussing ထံမှ အီးမေး။ DCA။ ၁၃ ဧပြီ ၂၀၁၃

များ(ERW)ကြောင့် ထိခိုက်မှု အသစ် ၁၀၆ ခု အနည်းဆုံး ရှိခဲ့သည်။[63] ၂၀၁၂ ခုနှစ်အတွင်းစုစုပေါင်း ထိခိုက်ဒဏ်ရာ ရမှုများ အနက် အရပ်သားပြည်သူ ၉၁ ဦး၊ စစ်ဖက်ဆိုင်ရာဝန်ထမ်း ၁၅ ဦးရှိခဲ့သည်။ အများဆုံးထိခိုက်သူများမှာ အမျိုးသားများဖြစ်ပြီး၊ ယောက်ျားကလေး ၃ ဦး၊ အရွယ်ရောက်အမျိုးသမီး ၃ ဦးနှင့် မိန်းကလေးငယ် တဦး အနည်းဆုံးပါဝင်ခဲ့သည်။

၂၀၁၂ ခုနှစ်အတွင်းကောက်ယူရရှိသော ပမာဏသည် ၂၀၁၁ ခုနှစ်အတွင်း အလားတူသတင်းအရင်းအမြစ်များထံမှ ကောက်ယူရရှိသော ၃၈၁ ဦးနှင့်ယှဉ်ကြည့်ပါက သိသိသာသာနည်းသွားသည်ကိုတွေ့ရသည်။ စောင့်ကြည့်လေ့လာရေး အဖွဲ့မှ မြန်မာနိုင်ငံအတွက် စုဆောင်း ရရှိသော အချက်အလက်များသည် လက်လှမ်းမှီနိုင်သော သတင်းအရင်း အမြစ်များထံမှ ရရှိသော စုစုပေါင်းတင်ပြချက် ဖြစ်သည်။[64] သို့သော် စနစ်တကျအချက်အလက်ကောက်ယူမှု အားနည်း ခြင်းနှင့် နစ်စဉ်အချက်အလက်ရသော သတင်းအရင်းအမြစ် မတူညီသောကြောင့် တိုင်းပြည်အတွင်း မိုင်းနှင့် ERW ကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် ပတ်သက်၍ ပြည့်စုံသော အချက်အလက်များဟု မဆိုလိုနိုင်ပေ။ ယခင်ကာလများကဲ့သို့ပင် အချက်အလက်များတွင် အသေးစိတ် မပါရှိခြင်း၊ ထိခိုက်ဒဏ်ရာရမှုများကို မှန်မှန်ကန်ကန် မှတ်တမ်းတင်ခဲ့ခြင်း ရှိမရှိများ စစ်ဆေးရန်အတွက် အချက်အလက် မပြည့်မစုံဖြစ်ခဲ့ရသည်။ တကယ်တမ်းတွင် ထိခိုက်သေးဆုံးမှုနှုန်း အဆမတန် ပိုများသည်။ [65]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယခင်အစီရင်ခံမှုများတွင် ဖေါ်ပြသကဲ့သို့ ထိခိုက်ဒဏ်ရာရမှုအများဆုံးမှာ စစ်သားများဖြစ်သည်။ သို့သော် ပုံမှန်အားဖြင့် စစ်ဖက်ဆိုင်ရာထိခိုက်မှု သတင်းအချက်အလက်အား အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိပေ။66

မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှုအများစုသည် လူသတ်မိုင်းများကြောင့်ဟု မှတ်တမ်းများအရ သိရသည်။ လက်လုပ်တိုက်မိုင်းများ ထိခိုက်မှုအများဆုံးဖြစ်စေသော မိုင်းအမျိုးအစားများ ဖြစ်သည်ဟု ဒေသခံမိုင်းအန္တရာယ်ပညာပေးသူများ၏ လေ့လာချက်များအရ သိရသည်။ တင်ပြအစီရင်ခံခဲ့သည်။ မိုင်းနှင့် IED အရေးဆောင်ရွက်သူ တော်တော်များများသည်တိုက်မိုင်းတွင် ထည့်သွင်းအသုံးပြုသော ပစ္စည်းနှင့် အမျိုးအစားကို သေချာခွဲခြားနိုင်ခြင်း မရှိသဖြင့် မိုင်းအမျိုးအစားကို မှတ်တမ်းတင် နိုင်ခြင်းမရှိပေ။[67]

[63] ၂၀၁၂ခုနှစ်အတွက် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသောအချက်အလက်များသည် ထုတ်ပြန်ပြီးသားနှင့် မထုတ်ပြန်ရသေးသော သတင်းအရင်း အမြစ်များထံမှ စုဆောင်းဖေါ်ပြခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဧရာဝတီမဂ္ဂဇင်း၊ မဇ္ဈိမသတင်းအေဂျင်စီ၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ဘန်ကောက်ပို့စ်သတင်းစာ၊ ကချင်းသတင်းစဉ်၊ မြန်မာ့နိုင်ငံတကာသတင်းအဖွဲ့၊ လွတ်လပ်သောမွန်သတင်းအေဂျင်စီ နှင့် မြန်မာ့အလင်းသတင်းစာတို့မှ ရရှိသည်။ ပြင်ပသို့ထုတ်ပြန်ခြင်းမရှိသော သတင်းအချက်အလက်များကို ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG), "မြေမြှုပ်မိုင်းသတင်းအချက်အလက်များ။ ၂၀၁၁ ဇန်ဝ - ဒီဇင်ဘာ ၃၁။ မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက်စုဆည်းပေးသည်။ "မြေမြှုပ်မိုင်းသတင်းအချက်အလက်။ ဇန် ၂၀၁၂ - ဒီဇင်ဘာ ၂၀၁၂။ Nuengruethai Plaenglakkhana ထံမှ အီးမေး။ ကွင်းဆင်းအရာရှိ။ ICRC ချင်းမိုင်၊ ၁၃ ဇွန် ၂၀၁၃။ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ ထံမှ အီးမေး။ ၅ မေ ၂၀၁၃။ အယ်ဖေါထံမှ အီးမေး။ အချက်အလက်ဆိုင်ရာအရာရှိ။ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) နှင့် Alice Proby ထံမှ အီးမေး၊ လက်ထောက်အကာအကွယ်ပေးခြင်းအရာရှိ၊ UNHCR။ ၁၂ နိုဝင်ဘာ ၂၀၁၂။

[64] ရရှိသော အချက်အလက်များသည် ထပ်နေနိုင်သည်။ သို့သော် ရရှိသော သတင်းအချက်အလက် အကန့်အသက်အောက်တွင် စစ်ဆေးရန် ခက်ခဲသည်။

[65] Myanmar: Landmine survivor needs outstrip aid," IRIN, 7 December 2011, www.irinnews.org/report/94417/myanmar-landmine-survivor-needs-outstrip-aid ကိုကြည့်ပါ။

[66] ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာကိုကြည့်ပါ။ www.the-monitor.org နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)ထံမှ ၂၀၀၈ခုနှစ်အတွင်း စစ်ဖက်ဆိုင်ရာထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ မကြုံစဖူးသတင်းများစွာရရှိခဲ့သည်။ စစ်ဖက်ဆိုင်ရာထိခိုက်မှု ၅၀၈ ဦးဟုရှိခဲ့သည်ဟုသိခဲ့ရသည်။ သို့သော် နောက်နှစ်များတွင် မရတော့ပေ။

[67] "Deadly Soil: Burma's Enduring Landmine Tragedy," ဇွန် ၁၁ ၂၀၁၁၊ BNI www.bnionline.net။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ဖမ်းဆီးမိသော စက်ရုံထုတ်မိုင်းများကိုအသုံးပြုသည်ဟုဆိုသည်။ "The world's longest ongoing war." အယ်ဂျာဇီးယား။ ဩဂုတ် ၁၀ ၂၀၁၁။www.english.aljazeera.net

မြန်မာနိုင်ငံ ထိခိုက်သေဆုံးမှုစုစုပေါင်းအရေအတွက်ကို မသိရပေ။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အကုန်အထိ ထိခိုက်သေဆုံးမှု ၃၃၄၉ ဦး (၃၁၉ သေ၊ ၂၈၂၉ ဒဏ်ရာ နှင့် ၂၀၁ မသိရ) ရှိခဲ့သည်ဟု တွေ့ရှိခဲ့ရသည်။

လူသားထိခိုက်ဒဏ်ရာရမှုများအပြင် ရွာတွင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များ၊ ဆင်များလည်း မြေမြှုပ်မိုင်း ဒဏ်ခံခဲ့ရသည်။ တရားမဝင်နယ်စပ်ဖြတ်ကျော် သစ်ထုတ်လုပ်ရေးများတွင် အသုံးပြုသော ဆင်အများစု သေဆုံးခဲ့ပြီး၊ တချို့ဒဏ်ရာရခဲ့သည်။ ၂၀၁၃ခုနှစ် ဖေဖေါ်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အနီးမြုပ်ထားသော မိုင်းကြောင့် ဆင်တကောင် ဒဏ်ရာရခဲ့သည်။[68]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီ

မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်မှစ၍ အနည်းဆုံး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူပေါင်း ၂၈၂၉ ဦး ရှိသည်ဟု မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့သည်။

## ၂၀၁၂ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီရနိုင်မှု

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် စီးပွားရေးအကူအညီများပါဝင်သောဝန်ဆောင်မှုများ တိုးတက်ခဲ့သည်။ ICRC နှင့် မြန်မာအစိုးရအကြား သဘောတူညီချက် တခုရရှိခဲ့သဖြင့် အစိုးရကတာဝန်ယူဖွင့်လှစ်ထားသော ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများအတွက် ICRC က တဖန် ပြန်လည် အထောက်အပံ့ပေးခွင့်ရသည်။ ၂၀၀၇ ခုနှစ်မှစ၍ အဆိုပါဌာနများသည် ပြင်ပအကူအညီမရှိပဲ လည်ပတ်ခဲ့သည်။

မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီများထောက်ပံ့ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် စုစည်းခြင်းလုပ်ငန်းများတွင် လှုပ်ရှားဆောင်ရွက်သူ ပို၍ ပါဝင်လာခဲ့သည်။

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီလိုအပ်ချက်အား လေ့လာမှု

၂၀၁၂ခုနှစ်တွင် DanChurchAid (DCA) သည် သုတေသန နှင့်အသေးစိတ်အခြေအနေအကဲဖြတ်ချက်များ ဆောင်ရွက်ခဲ့သည်။ အခြေအနေပြအချက်အလက်များစုဆောင်းခဲ့ပြီး၊ ကျန်းမာရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေး၊ သင်တန်း နှင့် တခြားသောလုပ်ငန်းများတွင် မိုင်းဒဏ်သင့်ပြည်သူများနှင့် ၎င်းတို့မိသားစုများအတွက် အကူအညီပေးရေး အနာဂါတ် လုပ်ငန်းအစီအစဉ်များရေးဆွဲရန်အတွက် အကြံပြုချက်များ ဆောင်ရွက်ပေးခဲ့သည်။ DCA သည် ထိခိုက်ဒဏ်ရာရခြင်း နှင့် မိုင်းသင့်ပြည်သူများအကူအညီပေးရေးစစ်တမ်းတခု ဆောင်ရွက်ခဲ့ဖူးသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း မိုင်းပြန့်နှံမှု အများဆုံးဒေသများဟု သတ်မှတ်ခံခဲ့ရသော ဒေသများတွင် သံသယဖြစ်ဖွယ်မိုင်းပြန့်နှံ့မှုဒေသများ စစ်တမ်းတခုပါ ဆောင်ရွက်ခဲ့သည်။[69]

---

[68] စောင့်ကြည့်လေ့လာရေးအဖွဲ့သည် နိုင်ကွန်ချရီမှ မျက်မြင်သက်သေတဦးကို အင်တာဗျူးခဲ့သည်။ မေ ၂၀၁၃။

[69] DCA, "အကြံပေး (ရက်သတ္တပတ် ၆ ပတ်) မြေမြှုပ်မိုင်းသင့်ပြည်သူများအကူအညီပေးရေးသုတေသနပြုချက်, မြန်မာနိုင်ငံ" အပြီးသတ်နေ့စွဲ။ တနင်္လာနေ့, ၁၇ စက်တင်ဘာ ၂၀၁၂

ကျန်းမာရေးဝန်ကြီးဌာနသည် မိုင်း/ERW ကြောင့်ထိခိုက်ဒဏ်ရာရမှုများအား တခြားသောမန်ထိခိုက်မှုဒဏ်ရာရမှုများနှင့် သီးခြားခွဲထုတ်ထားခြင်းမရှိပေ။[70]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မိုင်းဒဏ်သင့်ပြည်သူများအတွက် ထိခိုက်နစ်နာခဲ့ရသူများအတွက် အကူအညီပေးခြင်း တာဝန်ခံဆောင်ရွက်သည့် လုပ်ငန်းယန္တရားမရှိပေ။ မိုင်းဒဏ်သင့်ပြည်သူများ အကူအညီ လိုအပ်ချက်နှင့် ပတ်သက်၍ ပိုသိလာခဲ့သည်။ ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီ ဥက္ကဋ္ဌ လွှတ်တော်အမတ်ဒေါ်အောင်ဆန်းစုကြည်သည် မြေမြုပ်မိုင်းဒဏ်ရာရပြည်သူများအတွက် အတတ်ပညာသင်တန်းများ စီစဉ်ပေးရေး၊ ခြေတုလက်တုများရရှိရေး၊ အကူအညီပေးရေး အတွက် အစိုးရအတွင်း ပိုသိရှိလာရန် လုပ်ဆောင်မည်ဟု လူသိရှင်ကြားထုတ်ဖေါ်ပြောဆိုခဲ့သည်။71

လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေးဌာနသည် မသန်းစွမ်းသူများ၏ ရပိုင်ခွင့်အခွင့်အရေးများနှင့် သက်ဆိုင်သည့် လူမှုဖူလုံရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် နှင့် လူထုအခြေပြုပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသည်။72 ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစု ပျိုးထောင်ခြင်းလုပ်ငန်းတွင် အင်စတီကျူးရှင်းများစွာ ပါဝင်သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လှုပ်ရှားသွားလာနိုင်ရန်အတွက် အထူးသဖြင့် ခြေတု၊ လက်တု အကူအညီပေးရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။၂၀၁၀ - ၂၀၁၂ ခုနှစ် မသန်စွမ်းသူများ အတွက် နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်အတွက် တာဝန်ခံဆောင်ရွက်ရန်၊ အကောင်အထည်ဖေါ်ရန် စုဖွဲ့ထားသော မသန်စွမ်းသူများ ဆိုင်ရာအလုပ်အဖွဲ့သည် အစည်းအဝေးအကြိမ်အနည်းငယ်မျှ ကျင်းပပြီးနောက် ရပ်နားသွားခဲ့သည်။ အဘယ်ကြောင့် ဆိုသော် အဖွဲ့အစည်းတော်တော်များများက ၎င်းတို့ပိုင်ပရိုဂရမ်များကို သီးခြားဆောင်ရွက်လိုခြင်းကြောင့်ဖြစ်သည်။73

လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးတွဲဆောင်ရွက်နေသော ICRC သည် ခြေတု၊ လက်တုဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်နှင့် နိုင်ငံတော်အဆင့်တာဝန်ခံ ဆောင်ရွက်မှု လုပ်ငန်းယန္တယား တခုဖန်တည်းရန်အတွက်အဆိုပြုရန် ၂ ရက်ကြာ မျက်နှာစုံညီဆွေးနွေးပွဲတခု စီစဉ်ကျင်းပခဲ့သည်။74

၂၀၁၂ ခုနှစ်အတွင် မိုင်းဒဏ်သင့်ပြည်သူတဦးတယောက်မှ အကူအညီပေးခြင်းလုပ်ငန်းများ စီမံရေးဆွဲခြင်းတွင် ပါဝင်ခြင်း မရှိဟု သိရသည်။

[70] ကုလသမဂ္ဂလုံခြုံရေးကောင်စီ။ "မြန်မာနိုင်ငံအတွင်း ကလေးနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။" ,"S/2009/278, 1 June 2009, para. 38; and Ministry of Health, Annual Public Health Statistics Report, Naypyitaw, March 2011.

[71] ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းရွာတွင် ကျင်းပခသော အခန်းအနား။ ဇန် ၂၀။ "ပဲခူးခရီးစဉ်တွင် အဖွဲ့ချုပ်ခေါင်းဆောင်က မိုင်းထိပြည်သူများကို ကူညီမည်ဟု ကတိပြု။" Myanmar Times, 28 January 2013, www.mmtimes.com/index.php/national-news/3912-on-bago-tour-nld-leader-pledges-to-help-mine-victims.html.

[72] လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ "မသန်းစွမ်းသူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေး။" www.dsw.gov.mm/en/rehabilitation/rehabilitation-persons-disabilities.

[73] ICRC ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ် (PRP) နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၂။ ဂျနီဗာ။ စက်တင်ဘာ ၂၀၁၃။ စာ ၆၀။

[74] Ibid., pp. 47–48.

## *လက်တလောရှိနေသည့် ဝန်ဆောင်မှုများနှင့် ၎င်းတို့၏ ထိရောက်မှုများ*

မိုင်းဒဏ်သင့်သူများ အကူအညီပေးခြင်းလုပ်ငန်းများ[75]

| **အဖွဲ့အစည်းအမည်** | **အဖွဲ့အစည်း အမျိုးအစား** | **လုပ်ငန်းအမျိုးအစား** | **၂၀၁၂ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ** |
|---|---|---|---|
| **ကျန်းမာရေးဝန်ကြီးဌာန** | အစိုးရ | ခြေတုလက်တု တပ်ဆင် ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ | ICRC၏အထောက်အပံ့ ကြောင့် အကူအညီလက်ခံ ရရှိအရည်အတွက်ပိုများလာ။ |
| **ကာကွယ်ရေးဝန်ကြီးဌာန** | အစိုးရ | ဌာနသုံးခုမှတဆင့် ခြေတု လက်တု တပ်ဆင်ပေး သည် | ICRC၏အထောက်အပံ့ ကြောင့် အကူအညီလက်ခံ ရရှိအရည်အတွက်ပိုများလာ။ |
| **လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန** | အစိုးရ | လူမှုစီးပွားရေးနှင့် ပြန်လည်ပြုစုပျိုးထောင် ရေးဝန်ဆောင်မှုများ၊ မိုင်းနှင့်တခြားပေါက်ကွဲ စေသောပစ္စည်းများ ကြောင့်အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင် ကျောင်းများ | ကိန်းဂဏန်းအရေအတွက် လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိ |

[75] BPHWT နှစ်လည်အစီရင်ခံစာ ၂၀၁၂။ နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်ပြည်သူများနှင့် အကာအကွယ်မဲ့ပြည်သူများအတွက်အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ခြင်း။" ,'' www.backpackteam.org/wp-content/uploads/reports/2012 Mid Year Report final-0409122.pdf; KHRG၊ "မြေမြှုပ်မိုင်းသတင်းအချက်အလက်စုဆောင်းတင်ပြချက်။ ဩဂုတ် ၂၀၁၂ - မတ် ၂၀၁၃။ ၈ ဧပြီ ၂၀၁၃။ BPHWT, "လွတ်လပ်ခြင်းသော်လည်းကောင်း၊ လုံခြုံမှုသော်လည်းကောင်းမရှိ။" ဆွေးနွေးမှုများကြောင့်တိုက်ခိုက်မှုများလျော့နည်း၊ အကူအညီပိုများလာ။ သို့သော် အိုးအိမ်မဲ့ပြည်သူထောင်သောင်းများစွာ ဆက်ရှိနေဆဲ။"18 June 2013, www.freeburmarangers.org/2013/06/22/not-free-or-safe-talks-bring-reduced-fighting-and-more-aid-but-thousands-remain-displaced/ -sthash.dUqNE1lK.dpuf; AAR Japan, "Community-Based Assistance for Persons with Disabilities," 28 Sep 2012, reliefweb.int/report/myanmar/community-based-assistance-persons-disabilities; ICRC PRP, "Annual Report 2012," Geneva, September 2013, pp. 60–61; and ICRC, "Annual Report 2012," Geneva, May 2013, p. 252. Indirect sourcing are from Monitor notes taken at the UNHCR Protection Working Group meeting by Yeshua Moser-Puangsuwan,Researcher, Yangon, 24 February 2012; and Monitor notes taken at the South & South East Asia Regional Victim Assistance Workshop, Vientiane, 20–22 November 2012.

| | | | |
|---|---|---|---|
| **ရွှေမင်းသား ဖောင်ဒေးရှင်း** | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသစရိတ်၊ ဆေးရုံ ဆေးခန်းသို့ ခရီးသွားစရိတ်နှင့် အစားအသောက် ထောက်ပံ့ပေးခြင်း | ဆက်လက်လုပ်ဆောင်ဆဲ |
| **နယ်လှည့်ကျောပိုးအိတ် ဆေးတပ်ဖွဲ့ (BPHWT)** | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်းလှည့်လည် အရေးပေါ် ဆေးကုသမှု | မိုင်းထိပြည်သူများအား ကူညီမှု လျော့လာ |
| **မြန်မာပြည်လွတ်မြောက် ရေး ရိန်းဂျားများအဖွဲ့ (FBR)** | ပြည်တွင်း အန်ဂျီအို | ဆေးဝါးစောင့်ရှောက်မှု၊ ရွှေ့လျားဆေးကုရေးအဖွဲ့များကိုလေ့ကျင့် သင်တန်းပေးခြင်း ၊ထောက်ပံ့ပေးခြင်း | ဆက်လက်လုပ်ဆောင်ဆဲ |
| **နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ** | လူထုအခြေပြုအဖွဲ့အစည်း | ကရင်ပြည်နယ် မူသရောမြို့နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတုလက်တု ထုတ် လုပ်သည်။ | ဆက်လက်လုပ်ဆောင်ဆဲ |
| **ကရင်ကျန်းမာရေးနှင့် လူမှု ဖူလုံရေးဌာန (KDHW)** | လူထုအခြေပြုအဖွဲ့အစည်း | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း | ဝန်ဆောင်မှုပေးနိုင်သည့် အရည်အတွက် လျော့လာ |
| **ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့** | လူထုအခြေပြုအဖွဲ့အစည်း | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင်ပေးသည်။ | ဆက်လက်လုပ်ဆောင်ဆဲ |

| | | | |
|---|---|---|---|
| **ဂျပန်နိုင်ငံ အကူအညီပေး ရေးနှင့် ကယ်ဆယ်ရေးအသင်း (AAR Japan)** | နိုင်ငံတကာ အန်ဂျီအို | အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်း၊ လူထု အခြေပြု ပြန်လည် ပျိုးထောင်ရေး၊ လက်လွှဲပြောင်း ရေး စနစ်၊ အသက်ရှင်ကျန်ရစ် သူများ အခွင့်အရေးနှင့် စည်းရုံးလှုံ့ဆော်ရေး။ | ဆက်လက်လုပ်ဆောင်ဆဲ |
| **အနားကြီးရောဂါသည်တိုက်ဖျက်ရေးအဖွဲ့ - မြန်မာနိုင်ငံ** | နိုင်ငံတကာအန်ဂျီအို | ပြုပြန်လည်ပြုစု ပျိုးထောင်ရေး၊ | မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးရေးဝန်ဆောင်မှုများ ပိုတိုးလာ။ |
| **ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း** | နိုင်ငံတကာ အဖွဲ့အစည်း / နိုင်ငံတော်အဖွဲ့အစည်း | ဘားအံ ခြေတုလက်တု တပ်ဆင်လေ့ကျင့်ရေးဌာန နှင့် ရပ်ဝေးဒေသများတွင် ခြေတုလက်တု တပ်ဆင်ရေးအတွက် ထောက်ပံ့ပေးသည်။ | ၂၀၁၂ခုနှစ်အတွင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု ၂ ဆများးလာ။ |
| **UNHCR** | UN | စစ်ဒဏ်သင့်ပြည်သူများ ပြန်လည်ပြုစု ပျိုးထောင်ရေး အတွက် ဘဏ္ဍာရေးအကူ အညီ၊ အသက်မွေးမှုဆိုင်ရာ ပရိုဂရမ်မှတဆင့် ဝင်ငွေရ လုပ်ငန်းများ | ကရင်နှင့် မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်း ရှိဒေသတချို့တွင် ဝန်ဆောင်မှုများ ပေးခဲ့သည်။ |

### *အရေးပေါ် နှင့် ဆက်လက်ဆောင်ရွက်ဆဲ ဆေးကုသစောင့်ရှောက်မှု*

မြန်မာနိုင်ငံကျေးလက်ဒေသများတွင် ကျေးရွာအများစုတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည်။ လူနာများသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် နာရီပေါင်းများစွာ ခရီးသွားရသည်။ တောင်တန်းဒေသများတွင် ဆေးရုံ၊ ဆေးပေးခန်းရောက်ရန်အတွက် တနေကုန် ခရီးနှင်ရသည်။ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုအားနည်းသောကြောင့် ကျေးလက်ဒေသနေပြည်သူများသည် စနစ်တကျလေ့ကျင့်သင်ကြားထားခြင်းမရှိသော ကျန်းမာရေးဝန်ထမ်းများ သို့မဟုတ် ဒေသခံ နှင့် တိုင်းရင်းဆေးကုသမှုကိုသာ အဓိက အားထားနေရသည်။ 76

၂၀၁၂ခုနှစ်တွင် ICRC သည် မြန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်း ခရီးဝေးကွာသောဒေသတွင် ဖွင့်လှစ်ထားသော ဆေးပေးခန်းတွင် အလုပ်လုပ်ကိုင်နေသည့် ခွဲစိတ်ဆရာဝန် သုံးဆယ်အတွက် ခွဲစိတ်ခြင်းနီးနှောဖလှယ်ပွဲတခု ထောက်ပံ့ပေးခဲ့သည်။ ၎င်းသင်တန်းသည် ခြေတုအသုံးပြုရမည်ဆိုပါက အကောင်းဆုံးအခြေအနေဖြစ်အောင် ခွဲစိတ်ကုသနည်းများကို အဓိကထား ဆွေးနွေးခဲ့သည်။77

မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများအတွင်း တိုင်းရင်းသား လူမှုအသိုင်းအဝန်းများနှင့် အဖွဲ့အစည်းများတွင် ၎င်းတို့ပိုင် ကျန်းမာရေးထောက်ပံ့မှုစနစ်များ ဖန်တည်းယူခဲ့ကြသည်။ မိုင်းသင့်ဒေသများနှင့် လက်လှမ်းမမှီသောဒေသများတွင် ၎င်းကျန်းမာရေးစနစ်များက အဓိက ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများဖြစ်လာခဲ့သည်။ လက်ရှိရှိနေပြီးသား ၎င်းကွန်ယက်များ၏ တည်ရှိမှုကို အသိအမှတ်ပြုပြီး နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွင်း အပြည့်အဝပေါင်းကူး ဝင်ရောက်လာနိုင်ရေးအတွက် ကျန်းမာရေးပေါင်းကူးအဓိကအုပ်စု (HCCG) ကို ၂၀၁၂ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့သည်။ HCCG သည် မြန်မာနိုင်ငံအတွင်းရှိ လက်ရှိရှိပြီးသား လူထုအခြေပြုကျန်းမာရေးကွန်ယက်များကို အစိုးရကျန်းမာရေးအေဂျင်စီများ၊ တခြားသော နိုင်ငံတကာ၊ နိုင်ငံတော်နှင့် ဒေသန္တရအဆင့်လုပ်သားများနှင့် ပူပေါင်းလာနိုင်ရေးအတွက် ပြင်ဆင်ပေးရန် ရည်ရွယ်သည်။78

HCCG အား တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းလေးခုနှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်း လေးခုနှင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၊ ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီ၊ မယ်တော်ဆေးပေးခန်း၊ မွန်အမျိုးသား ကျန်းမာရေးကော်မတီ၊ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ နှင့် ရှမ်းကျန်းမာရေးကော်မတီတို့ ပါဝင်သည်။[79]

### *ခြေတုလက်တုတပ်ဆင်ပေးခြင်းလုပ်ငန်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး*

ပြန်လည်ပြုစုပျိုးထောင်ရေးဌာနအများစုသည် မြို့ကြီးများတွင် အခြေစိုက်ပြီး၊ ခရီးစရိတ်အလွန်မြင့်မားသောကြောင့် မသန်စွမ်းပြည်သူများ အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်သော မသန်းစွမ်းပြည်သူများအတွက် ဝန်ဆောင်မှု ရယူရန် အလွန်ကြီးမားသော အခက်အခဲအဖြစ် ကြုံတွေ့ရသည်။80

---

[76] "မြန်မာနိုင်ငံ၊ ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှု အကျပ်အတည်း။" IRIN,28 January 2011, www.***irinnews***.org/report/91761/myanmar-rural-healthcare-in-crisis.

[77] ICRC PRP, "၂၀၁၂ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, September 2013, p. 60.

[78] တိုင်းရင်းသားကျန်းမာရေးကွန်ယက်များမှ တဆင့် ဖယ်ဒရယ်ပြည်ထောင်စုသို့ ဦးတည်သော ယုံကြည်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း။" ၁၁ မတ် ၂၀၁၃။ www.burmapartnership.org/2013/03/building-trust-and-peace-towards-a-federal-union/

[79] Ibid

[80] ICRC PRP, "၂၀၁၂ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, September 2013, p. 60.

၂၀၁၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ၎င်းဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနသုံးခုအတွက် ICRC မှ အကူအညီပြန်ယူရန် သဘောတူခဲ့သည်။ ကျန်မာရေးဝန်ကြီးဌာနက တဝန်ယူသော ဌာနများသို့ အကူအညီပေးခြင်းကို ၂၀၁၂ ခုနှစ်နှောင်ပိုင်းတွင် စတင်ခဲ့သည်။[81] ၂၀၀၇ခုနှစ်တွင် ICRC သည် ကျန်းမာရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများ ထောက်ပံ့မှုအား ၎င်း၏ လုပ်ငန်းများအပေါ် ကန့်သတ်မှုများပိုများလာသဖြင့် ရပ်ဆိုင်းခဲ့သည်။[82]

၂၀၁၂ ခုနှစ်တွင် ICRC သည် ဘားအံအရိုးကုရောဂါ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနကို ဆက်လက်ထောက်ပံ့ခဲ့သည်။ ၎င်းဌာနကို မြန်မာနိုင်ငံကြက်ခြေနီအသင်း နှင့် ICRC ပူးတွဲ လုပ်ကိုင်သည်။ ICRC သည် မြန်မာနိုင်ငံ အထက်ပိုင်းနှင့်အလယ်ပိုင်း HORC လုပ်ငန်းအကောင်အထည်ဖေါ်ရာဒေသများအတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ ခြေတုလက်တုထောက်ပံ့ရေးအစီအစဉ်ကို အကူအညီများ ပိုတိုးပေးခဲ့သည်။ ၎င်းအစီအစဉ်မှတဆင့် ခရီးအလှမ်း ကွာဝေးသောဒေသမှ မသန်စွမ်းပြည်သူများအတွက် ရေနံသာအနာကြီးရောဂါသည်ဆေးရုံရှိ ကျန်းမာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ဌာနအပါအဝင် အနီးစပ်ဆုံးဝန်ဆောင်မှုများဖြစ်အောင် ထောက်ပံ့ပေးသည်။ HORC ၏ ပြင်ပထိတွေ့မှုများ ပိုတိုးချဲ့ခြင်း၊ ဌာနအတွင်း ခြေတုထုတ်လုပ်မှုပိုတိုးများလာခြင်းကြောင့် ၂၀၁၁ အကုန် ၂၀၁၂ နှစ်အတွင်း ခြေတုထုတ်လုပ်မှုသည် ၃၉ ရာခိုင်နှုန်းတိုးများခဲ့သည်။ ၂၀၁၂ ခုနှစ် မိုင်းနှင့် ERW ထိသူများအတွက် ခြေတု ၅၆ ရာခိုင်နှုန်း (၁၆၁၈ ဦးအနက် ၉၁၄ ဦး) တပ်ဆင်ပေးနိုင်ခဲ့သည်။[83]

ICRC သည် နောက်ထပ်အဆောင်တခုတိုးချဲ့ဆောက်လုပ်ပေးပြီး ဌာန၏ လုပ်ငန်းစွမ်းရည်ကို တိုးချဲ့ပေးခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်အတွင်း HORC တွင် ကလေးမသန်စွမ်း ဆေးကုသခံယူလိုသူများကိုICRC က ဦးစားပေး ကုသခွင့်ပေးခဲ့သည်။ ၎င်းအစီအစဉ်မှာ ကလေးများ ပညာသင်ချိန်မပျက်အောင် ဆေးကုသပေးသည့် အစီအစဉ် တရပ်ဖြစ်သည်။ ဆေးကုမှုခံယူသူ ကလေးဦးရေသည် ၄၄ ရာခိုင်နှုန်း (၂၀၁၁ ခုနှစ်တွင် ၃၄ ဦးနှင့် ၂၀၁၂ တွင် ၄၉ဦး) အထိ မြင့်မားခဲ့သည်။[84]

မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ (MDPO) သည် ရန်ကုန်မြို့ရှိ ၎င်း၏ရုံးတွင် အလုပ်ရုံးအသေးစားတခုနှင့် ခြေတုများထုတ်လုပ်သည်။ ၂၀၁၂ခုနှစ်တွင် ခြေတု အခု ၅၀ ထုတ်လုပ်ခဲ့သည်။ ယူလိုသူကိုယ်တိုင်ကသော်လည်းကောင်း အလှူရှင်ကသော်လည်းကောင်း အခကြေးငွေပေးချေသည်။ သို့သော် တချို့အလွန်ဆင်းရဲသူများကို MDPO က အခမဲ့ကူညီပေးသည်။[85] DCA သည် အလားတူဝန်ဆောင်မှုမျိုး လုံးဝမရကြသည့် မြေမြှုပ်မိုင်း ထိခိုက်ဒဏ်ရာရသူများအတွက် လည်း ရွှေ့ပြောင်းခြေတုဆေးပေးတခု ဆောင်ရွက်ပေးသည်။[86]

၂၀၁၂ခုနှစ်အတွင်း မိုင်း/ERW ထိခိုက် ဒဏ်ရာရသူများအတွက် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ မရှိသေးပေ။

---

[81] Ibid

[82] ICRC PRP, "၂၀၀၇ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, မေ ၂၀၀၈, p. ၃၇.

[83] ICRC PRP, "Annual Report 2012," Geneva, September 2013, p. 60; and ICRC, "Annual Report 2012," Geneva, May 2013, p. 252.

[84] ICRC PRP, "Annual Report 2012," Geneva, September 2013, p. 60; and Myanmar Red Cross Society, "Hpa-an Orthopedic Rehab," myanmarredcrosssociety.org/hpa-an-orthopedic-rehab-center/

[85] ဒူးအောက်ခြေတုအတွက် ၁၅၀၀၀၀ ကျပ်(USD ၁၇၇) နှင့် ဒူးအထက်ခြေတုအတွက် ၉၀၀၀၀၀ ကျပ်(USD ၁၀၅၀) ကျသည်။ MDPO ကခြေဖဝါးတု အတွက် ၎င်းတို့ကိုယ်ပိုင်ထုတ်လုပ်ပြီး တခုကို ၅၀၀၀ ကျပ် (USD ၆) နှင့်ရောင်းသည်။ MDPO လက်ထောက်အတွင်းရေးမှူး အေးကိုကိုနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ အင်တာဗျူး။ ရန်ကုန်။ ၁၉ နိုဝင်ဘာ ၂၀၁၃။ MDPO သည် မကြာသေးမီက ဖွဲ့စည်းလိုက်သော မြန်မနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးရေးလှုပ်ရှားမှု၏ အဖွဲ့ဝင်အဖွဲ့အစည်းတခုဖြစ်သည်။

[86] DCA, "The German Federal Foreign Office supports Landmine Victims in Myanmar through Donation to DanChurchAid," 18 September 2013, www.danchurchaid.org/news/news/the-german-federal-foreign-office-supports-landmine-victims-in-myanmar-through-donation-to-danchurchaid.

### *စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားမှု*

မသန်စွမ်းသူများအကြောင်းနားလည်မှုအားနည်းခြင်းနှင့် အခြေခံဝန်ဆောင်မှုမရှိခြင်းတို့ကြောင့် မသန်စွမ်းသူများသည် အတန်းပညာသင်ကြားရန် သို့မဟုတ် အလုပ်အကိုင်ရရန်အတွက် ခက်ခဲသည်။ AAR ဂျပန် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်းအတတ်ပညာ သင်တန်းဌာနက စက်ချုပ်၊ ဆံပင်အလှပြင် နှင့် ကွန်ပြူတာသင်တန်းများ အခမဲ့ပေးသည်။သင်တန်းသားအများစုမှာ ပိုလီယိုကြောင့် မသန်းစွမ်းသူများ သို့မဟုတ် မြေမြုပ်မိုင်းကြောင့် ထိခိုက် ဒဏ်ရာရသူများဖြစ်သည်။ ဌာနက သင်တန်းတက်မြောက်ပြီးသူများကို စီးပွားရေးအရအမှီအခိုကင်းကင်းနေနိုင်စေရန်၊ အလုပ်အကိုင်ရစေရန်၊ ကိုယ်ပိုင်စျေးဆိုင်တည်နိုင်စေရန် သို့မဟုတ် ဌာနတွင် ဆရာများအဖြစ် ပြန်လည်လုပ်ကိုင် ကူညီထောက်ပံ့ပေးသည်။87

ပထဝီအနေအထားအရ လုပ်ငန်းဖြန့်ကျက်မှုအကန့်အသတ်ရှိသောလည်း ပထမဦးဆုံး မြန်မာနိုင်ငံ၏ မသန်စွမ်းသူများဆိုင်ရာ အခြေခံစစ်တမ်း ၂၀၀၈ - ၂၀၀၉ ခုနှစ် အရ ၈၅ ရာခိုင်နှုန်းသော မသန်းစွမ်းသူများသည် အလုပ်လက်မဲ့များဖြစ်ကြပြီး ၎င်းတို့၏ ပညာရေးအဆင့်သည် တိုင်းပြည်အတွင်းယေဘုယျပညာရေး သတ်မှတ်ချက် အောက်တွင် အလွန်နိမ့်ကျစွာ ရှိနေသည်ကို တွေ့ရသည်။88

မသန်းစွမ်းစစ်ပြန်များသည် ဆောက်လုပ်ပြီးသားအိမ်နေရာ လျှောက်ထားနိုင်သည်။ ၂၀၁၃ခုနှစ်တွင် စောင့်ကြည့် လေ့လာရေးအဖွဲ့က မသန်စွမ်းစစ်သားများနေထိုင်သော နေရာသို့သွားရောက်လည်ပတ်ခဲ့သည်။ တောင်ငူမြို့ အပြင်ဖက် ရာသီမရွေးသွားလာနိုင်သော နေရာတွင် တည်ဆောက်ထားပြီး၊ ရေ၊ လျှပ်စစ်မီးရသည်။ ကလေးများ အတွက် ကျောင်း အကြိုအပို့ကားစီစဉ်ပေးသည်။မသန်စွမ်းရဲဘော်များနေသော အိမ်တန်းလျားမှ ဆေးရုံသို့သွားလိုပါက ဒေသခံ တပ်မတောအရာရှိထံ ဆက်သွယ်၍ သွားလာရေးတောင်းဆိုနိုင်သည်။ တပ်မတော်သားဟောင်းများသည် မြို့တွင်း ဘတ်စ်ကားများကို အခမဲ့စီးခွင့်ရှိပြီး၊ ခြေတုအစားထိုးရမည်ဆိုပါက အခကြေးငွေပေးစရာမလို ရယူနိုင်သည်။ သီးသန့် အိမ်တန်းလျားတွင် နေစရာအတွက် လျှောက်ထားခြင်းမရှိသော မသန်းစွမ်းရဲဘော်များသည် တကြိမ်ထောက်ပံ့ငွေ ၅ သိန်းကျပ် (USD 590) ရယူခွင့်ရှိသည်။ မသန်စွမ်းရဲဘော်အားလုံး ပင်စာလစာအနည်းငယ်ခံစားခွင့်ရှိသည်။[89]

### *ဥပဒေ နှင့် မူဝါဒများ*

မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်း၊ ပညာသင်ကြားခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် တခြားအစိုးရ ဝန်ဆောင်မှုများထောက်ပံ့ခြင်းမှ ခွဲခြားဆက်ဆံခြင်းမပြုရဟူ၍ တားမြစ်ထားသော ဥပဒေမရှိပေ။ အစိုးရတွင် မသန်စွမ်း သူများအား အကာအကွယ်ပေးသည့် စနစ်လည်း မရှိပေ။ အစိုးရသည် မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်း၊ ပညာသင်ကြားခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် တခြားအစိုးရ ဝန်ဆောင်မှုများထောက်ပံ့ခြင်းများတွင် သိသိသာသာ ခွဲခြားဆက်ဆံခြင်းမျိုး မရှိပေ။ သို့သော် မသန်စွမ်းသူများကို ကူညီပေးမည့် တရားဝင်အရင်းအမြစ် အလွန်နည်းပါးသည်။ အဆောက်အဦးများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေး သို့မဟုတ် အစိုးရဌာနများတွင် မသန်းစွမ်းသူများအတွက် သီးခြားဝန်ဆောင်မှုများ ထားရှိရမည်ဟူသော ဥပဒေမျိုး မရှိပေ။[90]

---

87 AAR Japan" မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ။" www.aarjapan.gr.jp/english/activity/myanmar/; and AAR Japan, "Community-Based Assistance for Persons with Disabilities," 28 Sep 2012,

88 ICRC PRP, "၂၀၁၁ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, ဇွန် ၂၀၁၂, p. ၅၃.

89 စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ကွင်းဆင်းခရီးစဉ်မှတ်စု၊ မေ ၂၀၁၃။

90 အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန။ "2012 Country Reports on Human Rights Practices: Burma," ဝါရှင်တန်ဒီစီ။ ၁၇ မေ ၂၀၁၃။

၂၀၁၃ခုနှစ် စက်တင်ဘာလအထိ မသန်စွမ်းသူများဥပဒေအသေးစိတ်သည် မူကြမ်းအဖြစ်သာရှိ နေသေးသည်။[91] ၂၀၁၁ခုနှစ် စက်တင်ဘာလတွင် အထက်လွှတ်တော်သည် နိုင်ငံတကာအနာကြီးရောဂါသည် တိုက်ဖျက်ရေးအဖွဲ့နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၂၀၁၁ခုနှစ်မေလတွင် ပြုစုခဲ့သည် မသန်စွမ်းသူများအခွင့်အရေး ဥပဒေမူကြမ်း အကြံပြုချက်များကို အခြေခံသောအဆိုပြုလွှာကို အတည်ပြုလက်ခံခဲ့သည်။[92] ၂၀၁၃ခုနှစ်ဖွန်လ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ အစည်းအဝေးတခုအပြီးတွင် လွှတ်တော်က မသန်စွမ်းသူများအခွင့်အရေးဥပဒေကို အမြန်ဆုံးဥပဒေ ပြုပြဌာန်းနိုင်ရန် ကူညီမည်ဟု ကတိပြုခဲ့ကြသည်။[93]

ဥပဒေမူကြမ်းတွင် အလုပ်အကိုင်ဦးစားပေးခြင်းအပါအဝင် အရပ်သားမသန်စွမ်းသူထက် မသန်စွမ်းစစ်သားဟောင်းများကို ဦးစားပေးမှုများပါဝင်သည်ဟု ပြောဆိုမှုများရှိခဲ့သည်။[94]

မသန်စွမ်းစစ်မှုထမ်းများသည် ဦးစားပေးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် လစာတန်းတူရသော အရပ်သားဝန်ထမ်းဌာနများ္ငင်ဖြစ်သည်။ မူအားဖြင့် စစ်မှုထမ်းဟောင်းမသန်းစွမ်းများအတွက် တရားဝင်အထောက်အပံ့မှာ ယာယီမသန်းစွမ်းမှုအတွက် လစာ၏ သုံးပုံ ၂ ပုံကိုတနစ်တာရခွင့်ရှိပြီး၊ တသက်တာ မသန်စွမ်းသူများအတွက် အခွန်လွတ်ထောက်ပံ့ငွေခံစားခွင့်ရှိသည်။ သို့သော် ပုဂ္ဂလိကကဏ္ဍမှ လုပ်သားများ မသန်းစွမ်းဖြစ်ပါက အစိုးရတွင် အလုပ်အကိုင် ခံစားခွင့်အကာအကွယ်ပေးမှု မရှိပေ။ မတ်လတွင် ဒဏ်ရာရတပ်မတော်သားများနှင့် အသက်ဆုံးရှုံးသွားသူများ၏ မိသားစုများတွက် အကူအညီပေးသည့် ဥပဒေကို အစိုးရက ပြဌာန်းခဲ့သည်။[95]

ပုဂ္ဂလိကကဏ္ဍမှ လုပ်သားများ မသန်းစွမ်းဖြစ်ပါက အစိုးရတွင် လူမှုရေး ခံစားခွင့် အကာအကွယ်ပေးမှု မရှိပေ။ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများတွက်နိုင်ငံတော်ဘဏ္ဍာငွေ အလုံအလောက်မရှိခဲ့ပေ။[96]

၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးသဘောတူစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ သဘောတူစာချုပ်သည် ၂၀၁၂ခုနှစ်ဇန်နဝါရီလ ၆ ရက်နေ့တွင် အသက်ဝင်သည်။

မြန်မာနိုင်ငံမှ မြေမြုပ်မိုင်းထိခိုက်ဒဏ်ရာရသူများသည် ဆေးဝါးစောင့်ရှောက်မှုနှင့် ဒုက္ခသည်စခန်းများတွင် ပြန်လည်ပြုစုပျိုးထောင်မှုအကူအညီအတွက် ထိုင်းနိုင်ငံသို့ သွားရောက်ကြသည်။ ထိုင်းမြန်မာနယ်စပ်ခရိုင်များရှိ အများပြည်သူဆေးရုံများတွင်လည်း လာရောက်ပြသကြသည်။[97]

သို့သော် ၂၀၁၃ခုနှစ် ပထမနစ်ဝက်အတွင်း ထိုင်းနယ်စပ်စခန်းများအတွင်း အကူအညီပေးနိုင်မှုသည် မရေရာဖြစ်လာခဲ့ရသည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဒုက္ခသည်များအိမ်ပြန်ရမည့် အခြေအနေဖြစ်လာခဲ့သဖြင့် အလှူရှင် အန်ဂျီအိုတချို့က မြန်မာနိုင်ငံအတွင်းလုပ်ငန်းများကို ပိုအာရုံစိုက်လာသဖြင့်

---

91 ICRC PRP, "၂၀၁၂ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, စက်တင်ဘ ၂၀၁၂, p. ၆၀.

92 ပထမအကြိမ်အမျိုးသားလွှတ်တော်၏ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေး ကိုးရက်မြောက်ဆက်လက်ကျင်းပခြင်း။မြန်မာ့အလင်းသတင်းစာ။ ၂ စက်တင်ဘာ ၂၀၁၁၊ စာ ၁၀။ဥပဒေမူကြမ်းရေးဆွဲထားပြီးခြင်းရှိမရှိကို ဆောင်းပါးတွင် သေချာမဖေါ်ပြပေ။ လူမှုဖူလုံရေးဝန်ကြီးဌာနအား လုပ်ငန်းဆောင်ရွက်ရန် ဆက်လက်လွှဲထားပေးသည့်ဟန်ရှိသည်။

93 "အောက်လွှတ်တော်ကော်မတီတချို့၏ ဥက္ကဋ္ဌများက မသန်စွမ်းသူများအခွင့်အရေး ဥပဒေပြုနိုင်ရန်ကူညီမည်ဟု ကတိပြု။" Myanmar Independent Living Initiative အးကိုးကားချက်။ မဇ္ဈိမ ၂ ဩဂုတ် ၂၀၁၃။ www.bnionline.net/index.php/news/mizzima/15888-chairpersons-of-some-lower-house-committees-promise-to-help-in-promulgating-the-disability-rights-law-promptly.html; နှင့် ActionAid။ "မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများအရေးစည်းရုံးလှုံ့ဆော်မှု။" ၁ ဩဂုတ် ၂၀၁၃။ www.actionaid.org/2013/08/advocacy-disability-myanmar.

94 မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအသင်း၏ မီဒီယာထုတ်ပြန်ချက်၊ "မသန်စွမ်းစစ်မှုထမ်းများကိုဦးစားပေးသော ဥပဒေမူကြမ်း၊ MPHA၊ The Irrawaddy, 3 October 2012, www.irrawaddy.org/archives/15676.

95 အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန။ 2012 Country Reports on Human Rights Practices: Burma ၊ ဝါရှင်တန်ဒီစီ၊ ၁၇ မေ ၂၀၁၇။

96 Ibid

97 ပိုမိုသိရှိလိုပါက ICBL-CMC 'Country Profile: Thailand," 9 October 2013.

ငွေကြေးထောက်ပံ့မှုလျော့နည်းလာသည်။[98]ဘဏ္ဍာရေးထောက်ပံ့မှုအတွင်းအပြောင်းအလဲများသည် အချိန်မတိုင်သေး ကြောင်းနှင့် မြန်မာနိုင်ငံသို့ ဒုက္ခသည်များအိမ်ပြန်မည့်အရေးကို မိုင်းရှိဒေသများ မသတ်နိုင်သရွေ့၊ မိုင်းမရှင်းနိုင်သေးသမရွေ့ ၎င်းတို့အနေနှင့် အားပေးအားမြှောက်ပြုမည်မဟုတ်ကြောင်း UNHCR က ပြောဆိုခဲ့သည်။[99]

၂၀၁၂ခုနှစ် တွင် အလှူရှင်ခြောက်ဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံ မိုင်းဆိုင်ရာလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၈.၅ သန်း ထောက်ပံ့ခဲ့သည်။၂၀၁၁ခုနှစ်တွင် ၆၇၄ ၃၆၈ ဒေါ်လာမှ တိုးတက်လာသည်ကိုတွေ့ရသည်။[100] ၈.၅ သန်းအနက် ဒိန်းမတ်၊ နော်ဝေ နှင့် အမေရိကန်ပြည်ထောင်စုမှ ထောက်ပံ့သော ဒေါ်လာ ၂ သန်းသည် မိုင်းဒဏ်သင့်ပြည်သူများအထောက်အပံ့အတွက် သုံးရန်ဖြစ်သည်။

ဘဏ္ဍာငွေထောက်ပံ့မှုမြင့်လာသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မိုင်းရှင်းလင်းရေးလုပ်နင်းများနှင့် စစ်တမ်းကောက်ယူမှုလုပ်ငန်းများစတင်ရန် ကြန့်ကြာနေရသည်။ အစိုးရသည်မြေမြုပ်မိုင်းဥပဒေကို အတည်ပြုခြင်း မရှိသေးသကဲ့သို့ အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း မိုင်းရှိရာဒေသများသို့သွားလာခြင်းကို ကန့်သတ်ထား သည်။ ထို့အပြင် အဖွဲ့အစည်းအားလုံးအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုအားနည်းနေခြင်းကြောင့် သဘောတူညီချက်များကို အဆုံးသတ်ရန်ခက်ခဲနေသည်။[101] "မိုင်းဆိုင်ရာလုပ်ငန်းဌာနဆိုသည်မှာ ဝန်ထမ်းမရှိသော ဝါ ရုံးမရှိသော အိုမင်းနေသော အဆောက်အဦးတခုသာ ဖြစ်သည်" ဟု *The Economicst* မဂ္ဂဇင်းက အခြေနေတခုလုံးကို ချယ်မှုန်းရေးသားထားသည်။[102]

---

[98] Under pressure: refugees feel welcome has worn out," Bangkok Post, 26 May 2013, www.bangkokpost.com/news/investigation/351848/under-pressure-refugees-feel-welcome-has-worn-out.

[99] "မြန်မာနိုင်ငံမြေမြုပ်မိုင်းအန္တရာယ်သည် ဒုက္ခသည်များအိမ်ပြန်အရေးအဟန့်အတားဖြစ်။ " IRIN, 3 April 2013, www.irinnews.org/fr/report/97768/myanmar-s-landmines-hinder-return-of-displaced

[100] အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန။ To Walk the Earth in Safety 2013," Washington DC, August 2013။" from Rob Horvath, Manager, Leahy War Victims Fund, USAID ထံမှအီမေး။ ၂ ဩဂုတ် ၂၀၁၃။ Claudia Moser, Section for Multilateral Peace Policy, Federal Department of Foreign Affairs, Switzerland ထံမှ မေးခွန်းဖြေကြားချက်။ ၂၂ မတ် ၂၀၁၃။ IngunnVatne, Senior Advisor, Department for Human Rights, Democracy and Humanitarian Assistance, Norwegian Ministry of Foreign Affairs, ထံမှ ဖြေကြားချက်။ ၁၁ ဧပြီ ၂၀၁၃။ Carolin J. Thielking, European Union Mine Action Focal Point, Division for WMD, Conventional Weapons and Space, European External Action Service ထံမှ အီးမေး။ ၁၁ ဧပြီ ၂၀၁၃ နှင့် ၁၅ မေ ၂၀၁၃တွင်ပေးပို့သောအီးမေး။

[101] ကရင်နှင့် ကရင်နီပြည်နယ်များတွင် မိုင်းဖေါ်ခြင်းလုပ်နင်းများနှောင့်နေး။ The Irrawaddy, 12July 2013.

[102] ဘားအံ နှင့် ရန်ကုန်။ Politically explosive: The failure to clear landmines casts doubt on Myanmar's peace processes,"The Economist, 13 July 2013

## ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာ အကူအညီပေးမှုများ[103]

| အလှူရှင် | အကူအညီပေးရေး ကဏ္ဍ | သက်ဆိုင်ရာ နိုင်ငံ၏ ငွေကြေး ပမာဏ | ပမာဏ အမေရိကန် ဒေါ်လာ (US$) |
|---|---|---|---|
| ဥရောပသမဂ္ဂ | မိုင်းရှင်းလင်းရေး | € ၅၀၀၀၀၀ | ၄၅၀၀ ၆၅၀ |
| အမေရိကန် ပြည်ထောင်စု | မိုင်းသင့်ပြည်သူများအား အကူအညီပေးခြင်း၊ စစ်တမ်း ကောက်ယူခြင်း | $ ၂၁၇၈၂၈၆ | ၂၁၇၈၂၈၆ |
| နော်ဝေး | မိုင်းသင့်ပြည်သူများ အား အကူအညီပေး ခြင်း၊ မိုင်းရှင်းလင်း ရေး | NOK ၅၀၅၀၀၀၀ | ၈၆၇၉၈၁ |
| ဒိန်းမတ် | မိုင်းအန္တရာယ်ပညာ ပေး၊ မိုင်းသင့်ပြည်သူ များအား အကူအညီ ပေးခြင်း၊ | DKK ၂၅၀၀၀၀၀ | ၄၃၁၆၁၅ |
| လူဇင်ဘတ် | မိုင်းရှင်းလင်းရေး | € ၂၈၄၈၇၈ | ၃၆၆၃၂၅ |
| ဆွတ်ဇာလန် | မိုင်းအန္တရာယ် ပညာရေး | CHF ၁၄၉၀၀၀ | ၁၅၈၈၉၉ |
| စုစုပေါင်း | | | ၈၅၀၃၇၅၆ |

## အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၀၇ မှ ၂၀၁၂ အထိ[104]

| နှစ် | ပမာဏ အမေရိကန် ဒေါ်လာ (US$) |
|---|---|
| ၂၀၁၂ | ၈၅၀၃၇၅၆ |
| ၂၀၁၁ | ၆၇၄၃၆၈ |
| ၂၀၁၀ | ၃၆၃၉၃ |
| ၂၀၀၉ | ၇၇၉၃၉၃ |
| ၂၀၀၈ | ၁၀၂၀၁၃၄ |
| ၂၀၀၇ | ၁၈၃၈၀၀ |
| စုစုပေါင်း | ၁၁ ၀၁၄ ၀၄၄ |

[103] ၂၀၁၂ခုနှစ် ယေဘုယျငွေလဲနှုန်း €1=US$1.2859; DKK5.7922=US$1; NOK5.8181=US$1; CHF0.9377=US$1.US Federal Reserve, "List of Exchange Rates (Annual)," 3 January 2013.

[104] ICBL-CMC 'Country Profile: Thailand," 10 Sept 2013.

## ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ[105]သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခုမဟုတ်ပေ။

မြန်မာနိုင်ငံသည် သဘောတူစာချုပ်သို့ ပါဝင်ရခြင်း၏ ရပ်တည်ချက်အသေးစိတ်ကို အများပြည်သူသို့ မည်သည့်အခါမှ တရားဝင်ထုတ်ပြန်ခြင်းမရှိသေးပေ။ ၂၀၁၀ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သဘောတူစာချုပ်အား ပြန်လည် သုံးသပ်မည်ဟု အစိုးရကိုယ်စားလှယ်တဦးက စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။[106] ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေး ပထမကော်မတီ၌ မြန်မာနိုင်ငံက ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများနှင့် လူသတ်မြေမြုပ်မိုင်းများသည် "အရပ်သားပြည်သူများကိုထိခိုက်ဒဏ်ရာရစေသော၊ အသက်ဆုံးရှုံးရစေသော၊ အကြောက်တရားသွတ်သွင်းပေးသော" အရာများဖြစ်သည်ဟု ပုံဖေါ်ပြောဆိုခဲ့သည်။ " ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများနှင့် လူသတ်မိုင်းများအား စစ်ဖက်အရပ်ဖက်ခွဲခြားခြင်းမရှိအသုံးပြုခြင်း၊ အလွန်အကျွံအသုံးပြုခြင်းသည် လူ့အဖွဲ့အစည်းတခုလုံးကို ပျက်ဆီးစေ သည်သာမက၊ အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေသည်" ဟုမြန်မာနိုင်ငံက ပြောဆိုခဲ့သည်။[107]

၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် ပထမခြောက်လအတွင်း မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခြင်းမရှိသည့်အပြင် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများနှင့် ပတ်သက်၍ တစုံတရာ ထုတ်ဖေါ်ပြောဆိုခြင်းမရှိပေ။ ၂၀၁၀ ခုနှစ်တွင် အစိုးရသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဥပဒေရေးရာဌာနမှ သဘောတူစာချုပ်အား ပြန်လည်သုံးသပ်နေကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။[108] ၂၀၀၉ ခုနှစ်တွင် အစိုးရအရာရှိတဦးက ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ဒေသဆိုင်ရာအစည်းအဝေးတွင် "မြန်မာနိုင်ငံသည် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း မရှိသေးသော်လည်း "ထိုလက်နက်ပစ္စည်းများအား မဆင်မခြင်အသုံးပြုခြင်းကြောင့် လူသားချင်စာနာမှုနောက်ဆက်တွဲ ဆိုးကျိုး သက်ရောက်မှုများဖြစ်စေသောကြောင့် ပြစ်တင်ရှုံချကြောင်း" ပြောဆိုခဲ့သည်။[109]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူ စာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလို အစည်းအဝေး (Oslo Process) ၏ ဒေသဆိုင်ရာအစည်းအဝေး နှင့် ၂၀၀၉ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသ ဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

---

105 ၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် စစ်အအစိုးရက တိုင်းပြည်၏ အမည်နှင့်နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းပြောင်းလဲကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစုနှင့် နိုင်ငံအများစုက Burma ဟူသောအမည်ကိုသာ ပိုနှစ်သက်ကြသည်။

106 အေးသန္တာမျိုးနှင့် အင်တာဗျူး။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗီယက်ကျင်း၊ ၁၀ နိုဝင်ဘာ ၂၀၁၀။

107 မြန်မာနိုင်ငံ၏ ထုတ်ပြန်ကြေငြာချက်၊ UNGA First Committee on Disarmament and International Security, New York, 1 November 2012, www.reachingcriticalwill.org/images/documents/Disarmament-fora/1com/1com12/statements/1Nov_Myanmar_conventional.pdf.

108 ဒေါ်အေးသန္တာညိုနှင့် အင်တာဗျူး၊ လက်ထောက်ဒါရိုက်တာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ ဗီယက်ကျင်း။ နိုဝင်ဘာ ၁၀ ၂၀၁၀။

109 ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ လာအိုနိုင်ငံ၊ ဗီယင်ကျင်းမြို့တွင် ကျင်းပသော ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှု ပိတ်ပင် တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အစည်းအဝေးသို့ မြန်မာနိုင်ငံက လေ့လာသူ အဖြစ် တက်ရောက်ခဲ့သည့်အပြင် ၂၀၁၂ခုနှစ် အော်စလိုမြို့ အဖွဲ့ဝင်နိုင်ငံများ၏ တတိယအကြိမ်အစည်းအဝေးသို့လည်းတက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသည် ဂျနီဗာနိုင်ငံတွင်ကျင်းပသော သဘောတူစာချုပ်အဖွဲ့ ကဏ္ဍစုံဆိုင်ရာအစည်းအဝေးသို့ ပထမဦးဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့သည်။ ၎င်းအစည်းအဝေးတွင် မြန်မာနိုင်ငံသည် မည်သည့်ထုတ်ဖော်ပြောဆိုချက်မှ မပြုလုပ်ခဲ့ပေ။

## ထင်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှု၊ ထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်မှု

"မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း (သို့မဟုတ်) ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း (သို့မဟုတ်) တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစုံတဦးထံသို့ လက်လွှဲပြောင်းခြင်း၊ ယခုစာချုပ်တွင် ကန့်သတ်ထားသော လုပ်ငန်းများကို တစုံတဦးက လုပ်လာစေရန် ကူညီပေးခြင်း၊ အားပေးခြင်း (သို့မဟုတ်) မြှုဆွယ်ခြင်းများ ဆောင်ရွက်ခြင်းမရှိ။" ဟု မြန်မာနိုင်ငံက ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဖော်ပြောဆို ခဲ့သည်။ [110]

၂၀၁၂ခုနှစ် နှောင်ပိုင်းမှ ၂၀၁၃ ခုနှစ် အစောပိုင်းအထိ မြန်မာနိုင်ငံမြောက်ဖက်ပိုင်း ကချင်ပြည်နယ်အတွင်း ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် တိုက်ပွဲများတွင် မြန်မာအစိုးရသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများသဘောတူစာချုပ်မှ ကန့်သတ်ထားသော စစ်လက်နက်များအသုံးပြုကြောင်းပြနိုင်သည်။

"၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ကချင်ပြည်နယ်တောင်ဖက်ခြမ်း လိုင်ဇာမြို့အနောက်ဖက် ၅ မိုင်အကွာတွင်ရှိသော "မဟာဗျူဟာအရေးပါသော တောင်ကုန်း" ဖြစ်သော ခါရဘန်းတောင်းကုန်း တိုက်ခိုက်မှုတွင် မြန်မာအစိုးရတပ်သည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအသုံးပြုခဲ့သည်ဟု KIA က ပြောဆိုသည်။[111] ၎င်းအစိုးရတပ်သည် ဂန်ဒေါင်ယန်းတွင် အခြေချသော တပ်ဖြစ်သည်။ ၂၀၁၃ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကချင်အမျိုးသားကောင်စီ လက်ထောက်အတွင်းရေးမှူးက အမျိုးအမည်မသိ လေကြောင်းကြဲဗုံးတလုံး၏ ဓါတ်ပုံကို CMC သို့ ထုတ်ပြခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့အထိ KIA ၏ မဟာဗျူဟာမြောက်တောင်ကုန်းများကို မြန်မာ့လေတပ်မှ ဗုံးကြဲတိုက်ခိုက်စဉ်အတွင်း ဒုတိယကမ္ဘာစစ်ကာလသုံး ပေါင် ၂၀လေးသော ဖြန့်ထွက်ဗုံးများ အသုံးပြုခဲ့ သည်ဟု ၎င်းက အတည်ပြုခဲ့သည်။ "၎င်းဗုံးအမျိုးအစားသည် မြန်မာနိုင်ငံပြည်တွင်းစစ်တွင် တခါမှ အသုံးမပြုသော လက်နက်အမျိုးအစားဖြစ်သည်" ဟု ကချင်အမျိုးသားကောင်စီက ဆိုသည်။[112] လူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေး အဖွဲ့ (HRW)သည် အလားတူဗုံးစများကို အမည်မသိနေရာတခုသို့ ကားနှင့် သယ်ယူသွားသည့်ဓါတ်ပုံများ လက်ခံရရှိခဲ့ သည်။[113]

---

[110] Ibid.

[111] လိုင်ဇာအနီး KIO အဓိကစခန်းအား မြန်မာအစိုးရသည် ထပ်ဆင့်ပေါက်ကွဲစေသေ စစ်လက်နက်ပစ္စည်းများအသုံးပြုခဲ့သည်။" ," Kachin News Group, 26 January 2013, www.kachinnews.com/index.php?option=com_content&view=article&id=2465:burma-army-uses-cluster-bombs-to-take-key-kio-position-near-laiza&catid=8:news&Itemid=24

[112] ကချင်အမျိုးသားကောင်စီ လက်ထောက်အတွင်းရေးမှူး ခွန်ထွယ်မှ CMC သို့၎င်းဓါတ်ပုံများပါသော အီးမေးပေးပို့ခဲ့သည်။ ဧပြီ ၁၉ ၂၀၁၃။

[113] ဘာတီးလင့်တနာထံမှ အီးမေး။၂၅ မတ် ၂၀၁၃။

၂၀၁၂ ဒီဇင်ဘာလ မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာ့တပ်မတော်(လေ) က လိုင်ဇာအား လေကြောင်းစစ်ဆင်ရေး နှင့် ဗုံးကြဲတိုက်ခိုက်မှုရှိခဲ့သည်ဟု HRW ကအတည်ပြုခဲ့သည်။[114] သို့သော် ထပ်ဆင်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများသဘောတူစာချုပ်တွင် ဖွင့်ဆိုထားသည့် ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်များနှင့် ဓါတ်ပုံတွင် တွေ့ရသော ပေါင် ၂၀ လေးသော ဖြန့်ထွက်ဗုံးများနှင့် "ထပ်ဆင့်ပေါက်ကွဲပစ္စည်း" ကို တိတိကျကျ သတ်မှတ်ရန် မဖြစ်နိုင် ပေ။[115] ထိုအချိန် ထိုနေရာတွင် မြန်မာ့လေတပ်က ၎င်းလက်နက်များအသုံးပြုခြင်း ရှိမရှိကို သီးခြားအတည်ပြုချက် ယူရန် မဖြစ်နိုင်ပါ။

ကနဦးတွင် မြန်မာအစိုးရက ငြင်းဆန်သော်လည်း နောက်ပိုင်းတွင် လိုင်ဇာအားဗုံးကြဲတိုက်ခိုက်ခဲ့သည်ကိုဝန်ခံခဲ့သည်။[116]

---

[114] HRW ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ ၎င်းနေ့တွင် အရပ်သား ၃ ဦးသေဆုံးခဲ့သည်။ HRW press statement, "Burma: Halt Indiscriminate Attacks in Kachin State," 17 January 2013, www.hrw.org/news/2013/01/17/burma-halt-indiscriminate-attacks-kachin-state. ကိုကြည့်ပါ။

[115] ဓါတ်ပုံတွင်ပါသော ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ကိုယ်ထည် သို့မဟုတ် "ဗုံးစင်"သည် အမေရိကန်ထုတ် M1 ဖြန့်ထွက်ဗုံးကို တုပထားသည့်ပုံရှိသည်။ အသေးစားဖြန့်ထွက်ဗုံးများသည် ဒုတိယကမ္ဘာစစ်ခေတ်စစ်လက်နက်ပစ္စည်းများထက် ပို၍ခေတ်မှီသည်။ သို့သော် လက်နက်ကျွမ်းကျင်သူတော်တော်များများက အမျိုးအစားနှင့် မူရင်းထုတ်လုပ်သည့်နေရာကို မသတ်မှတ်နိုင်ပဲ ရှိနေသေးသည်။

[116] ၂၀၁၃ခုနှစ်ဇန်နဝါရီလ HRW၏ ထုတ်ပြန်ချက်အရ " ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အစိုးရပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က အစိုးရက လိုင်ဇာအား ဗုံးကြဲတိုက်ခိုက်သည်ကို ငြင်းဆိုခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် သမ္မတရုံးက တပ်မတော်သည် KIA အား ရဟတ်ယဉ်များ၊ စစ်လေယဉ်များနှင့် လေကြောင်းစစ်ဆင်ရေးဆင်နွှဲခြင်းမရှိဟု လူသိရှင်ကြားငြင်းဆန်သည်။ သို့သော် လေကြောင်းတိုက်ခိုက်မှု ဗွီဒီယိုများကို သတင်းဌာနများက ထုတ်ဖော်ပြသည့်အခါတွင် ပြန်ရုတ်သိမ်းသွားခဲ့သည်။." HRW press statement, "Burma: Halt Indiscriminate Attacks in Kachin State," 17 January 2013, www.hrw.org/news/2013/01/17/burma-halt-indiscriminate-attacks-kachin-state